ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် စနေနေ့။ Saturday, 9 May 2026 ၁၂၁၇၃

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တို့တွင် စတင်ဖွင့်လှစ်ကာ အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များ သင်ကြားပေးမည်

နေပြည်တော် မေ ၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်းရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

**စစ်သည်တော်ကောင်းတစ်ဦး၏ အင်္ဂါရပ်**

ထိုသို့တွေ့ဆုံစဉ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးသည် အရေးကြီးပြီး တပ်မတော်သားများ၏ အသက်ခန္ဓာဖြစ်သော အမိန့်နာခံတတ်မှုသည် လေ့ကျင့်ရေးမှ အခြေခံခြင်းဖြစ်ကြောင်း၊ အမိန့်နာခံမှုရှိပြီး စည်းကမ်းကောင်းမွန်မှုသည် စစ်သည်တော်ကောင်းတစ်ဦး၏ အင်္ဂါရပ်ပင်ဖြစ်ကြောင်း၊ အမိန့်နာခံမှုနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ




တောင်သူအကျိုးများစေဖို့ ဆီထွက်နေကြာ စိုက်ကြစို့

ဆောင်းပါး စာမျက်နှာ » ၆

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စာမျက်နှာ » ၈

စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည့် အစီအစဉ်နှင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေများ ထုတ်ချေးမည့်ကာလသတ်မှတ်

စာမျက်နှာ » ၉



နိုင်ငံ့အကျိုးထမ်းရွက်ကြသူ ထာဝရတစ်သက်တာ လူရည်ချွန်ကြီးများ

ဆောင်းပါး
စာမျက်နှာ » ၁၀

ကြေးမုံ

# ကောင်းခြင်းမင်္ဂလာအဖြာဖြာပြည့်စုံ တိုင်းပြည်အေးချမ်းသာယာဝပြော

မြန်မာနိုင်ငံသည် ရေခံ၊ မြေခံကောင်းမွန်ပြီး သဘာဝသယံဇာတအရင်းအမြစ်များ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ တန်ဆောင်းများနှင့် ကောင်းခြင်းမင်္ဂလာအဖြာဖြာ ထုံမွမ်းနေသောနိုင်ငံဖြစ်သည်။ ဘာသာတရား အဆုံးအမများ၊ လောကီမင်္ဂလာ ဖြဟ္မစိုရ်တရားလေးပါးနှင့်အညီ ကျင့်ကြံနေထိုင်သော နိုင်ငံဖြစ်သည်။ မင်းနှင့်ပြည်သူ လက်တွဲကြည်ဖြူပြီး ကောင်းမှုကုသိုလ်များ စဉ်ဆက်မပြတ်ပြုလုပ်နေသော နိုင်ငံဖြစ်သည်။ ထိုသို့ကောင်းမြတ်သည့်အချိန်ကာလတွင် အဖိုးတန်သယံဇာတ ကျောက်မျက်ရတနာများပေါ်ထွန်းခြင်းသည် အေးချမ်းသာယာဝပြောမည့် အတိတ်နိမိတ်လက္ခဏာကိုဆောင်သည်။

ရှေးမြန်မာမင်းများလက်ထက်ကတည်းက ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား တွင်းထွက်ရတနာများ ပိုင်ဆိုင်ခဲ့သည်။ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့သည့် တွင်းထွက်ရတနာများ၏ အဖိုးမဖြတ်နိုင်သော တန်ဖိုးများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့ဂုဏ်မြင့်မားတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည်။ နေ၊ လ၊ နက္ခတ်တာရာနှင့် သစ်ပင်တောတောင်တို့သည် အချင်းချင်းအားပြိုင်ရပ်တည်အကျိုးပေးနိုင်သကဲ့သို့ ကမ္ဘာနိယာမ ခေါ် ကံတရားတို့၏ အားပြိုင်အကျိုးပေးပုံကိုလည်း တွေ့ရမည်ဖြစ်သည်။ ကောင်းသောအမှုပြုလုပ်သူများအဖို့ ကောင်းကျိုးရလဒ်များ ပေါ်ထွက်ခံစားကြရသည်မှာလည်း ဓမ္မတာဖြစ်သည်။ အဖိုးတန်ကျောက်မျက်ရတနာများ ပေါ်ထွန်းရရှိပိုင်ဆိုင်ခြင်းသည်လည်း ကံကံ၏အကျိုးကြောင့်ပင်ဖြစ်သည်။

ယခင်ကာလ ၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ရှားပါးပြီး တန်ဖိုးကြီးမားသည့် အလေးချိန် ၉၉ ဒသမ ၂၅ ဂရမ်(၄၉၆ ဒသမ ၂၅ ကရက်)ရှိ ပတ္တမြားကြီး ရရှိပိုင်ဆိုင်ခဲ့ဖူးသည်။ အဆိုပါပတ္တမြားကြီးကို နဝတပတ္တမြားဟု ခေါ်တွင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အလေးချိန် ၄၂၉၀ ဂရမ်(၂၁၄၅၀ ကရက်)ရှိ ပတ္တမြားကြီး ရရှိပိုင်ဆိုင်ခဲ့ဖူးသည်။ ၂၀၂၂ ခုနှစ်တွင် အလေးချိန် ၅၅၇ ဒသမ ၈၅ ဂရမ်(၂၇၈၉ ဒသမ ၂၅ ကရက်)ရှိ နစက ပတ္တမြားကြီးကို ရှာဖွေတွေ့ရှိခဲ့သည်။ ယခု အလေးချိန် ၂၂၀၀ ဂရမ်(၁၁၀၀၀ ကရက်)ရှိ ပတ္တမြားကြီး ရှာဖွေတွေ့ရှိခဲ့သည်။ တိုင်းပြည်အေးချမ်းသာယာဝပြောလာမှုနှင့်အတူ အဖိုးတန် တွင်းထွက်ရတနာများ ပေါ်ထွက်လာသည်မှာ တိုင်းပြည်အတွက် ကောင်းမွန်သော အတိတ်နိမိတ်လက္ခဏာဖြစ်သည်။

ယခုတွေ့ရှိသည့် ပတ္တမြားကြီးအပါအဝင် ပတ္တမြားလေးပွင့်စလုံးသည် မန္တလေးတိုင်းဒေသကြီး မိုးကုတ်ဒေသမှထွက်ရှိပြီး သက်ဆိုင်ရာပတ္တမြားတစ်ပွင့်ချင်းစီအလိုက် ဂုဏ်သတ္တိ ထူးခြားချက်များရှိသောကြောင့် အလွန်တန်ဖိုးရှိသည့် ပတ္တမြားများဖြစ်ကြသည်။ ၁၉၉၆ ခုနှစ်က တွေ့ရှိခဲ့သော ပတ္တမြားကြီးသည် အလေးချိန်အားဖြင့် အများဆုံးဖြစ်သော်လည်း အရောင်အသွေးနှင့်နှိုင်းယှဉ်ပါက ယခုနောက်ဆုံးတွေ့ရှိခဲ့သည့် ပတ္တမြားကြီးသည် အရောင်နှင့်အရည်အသွေး ပိုမိုကောင်းမွန်သောကြောင့် တန်ဖိုးပိုမိုမြင့်မားကြောင်း သိရှိရသည်။ ပတ္တမြားရတနာဆိုသည်မှာ ကျက်သရေမင်္ဂလာအဖြာဖြာပြည့်စုံစေပြီး အဖိုးထိုက်တန်သော ရတနာတစ်ပါးဖြစ်သည်။ ပတ္တမြားသည် စိန်ပြီးလျှင် ဒုတိယအမာဆုံးတွင်းထွက်ပစ္စည်းဖြစ်ပြီး မြန်မာနိုင်ငံ မိုးကုတ်ဒေသထွက် ခိုသွေးရောင်ပတ္တမြားသည် ကမ္ဘာ့ကျော်တန်ဖိုးကြီးမားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ခဲ့သည့် ဒီမိုကရေစီအစိုးရအဖွဲ့ နိုင်ငံ့တာဝန်ရယူပြီးနောက် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ထူးခြားလေးနက်သည့် မြန်မာနှစ်သစ်ကူးကာလ လွန်မြောက်သည့် ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံမည့် ၂၀၂၆ ခုနှစ် နှစ်သစ်ကာလတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်ရတနာမြေမှ ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် ပတ္တမြားတစ်ပွင့် ရှာဖွေတွေ့ရှိခဲ့ရာ အဆိုပါပတ္တမြားကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုရှာဖွေတွေ့ရှိခဲ့သော ပတ္တမြားကြီးသည် အလေးချိန် ၂၂၀၀ ဂရမ်(၁၁၀၀၀ ကရက်)ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန်ခက်ခဲပြီး အလွန်ရှားပါးကြောင်း သိရသည်။ ပတ္တမြားကြီးအနေဖြင့် ခရမ်းရောင်သန်းသော အနီရောင်တွင် အဝါရိပ်ဖောက်ထားသော အရောင်အဆင်းရှိပြီး အရောင်အဆင့်အတန်းအားဖြင့် အလွန်ကောင်းမွန်သည်။ အလင်းပေါက်အားသင့်တင့်ပြီး ဖန်ရောင်လင်းလက်ကောင်းမွန်ကာ ပြုပြင်ထားခြင်းမရှိသော ပကတိသဘာဝအတိုင်းရှိသည့် အဖိုးတန်တွင်းထွက်ရတနာ ပတ္တမြားကြီးဖြစ်သည်။ အဆိုပါပတ္တမြားကြီးကို ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် တစ်မူထူးကဲစွာရရှိလာခြင်းဖြစ်သဖြင့် တိုင်းပြည်အေးချမ်းသာယာဝပြောပြီး ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံမည့် နိမိတ်လက္ခဏာကောင်းဖြစ်ပါကြောင်း။ ။

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို မေ ၁၀ ရက်အထိ ဆက်လက်ဖွင့်လှစ်ပြသမည်

ရန်ကုန် မေ ၈

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို ဧပြီ ၃၀ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ စတင်ဖွင့်လှစ်ခဲ့ရာ စိတ်ပါဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြည်ညိုနိုင်ရန်အတွက် မေ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ဖွင့်လှစ်ပြသထားရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန် အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇ ။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## ၈ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၂၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၅၀၀ | ၁၃,၅၀၀ | ၂,၂၂၁ | ၂၉,၉၈၃,၅၀၀ |
| MTSH | ၆,၄၀၀ | ၆,၃၀၀ | ၅,၂၅၁ | ၃၃,၁၀၂,၂၀၀ |
| MCB | ၉,၅၀၀ | ၉,၅၀၀ | ၆၈ | ၆၄၉,၆၀၀ |
| FPB | ၄,၂၀၀ | ၄,၃၀၀ | ၁,၇၂၅ | ၇,၃၈၁,၁၀၀ |
| TMH | ၃,၀၅၀ | ၃,၂၀၀ | ၁၀၃ | ၃၁၇,၇၅၀ |
| EFR | ၁,၇၅၀ | ၁,၈၀၀ | ၉,၅၃၉ | ၁၆,၆၉၄,၅၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၆ | ၆၃,၇၀၀ |
| MAEX | ၄,၁၀၀ | ၄,၁၀၀ | ၁၃၂ | ၅၄၁,၂၀၀ |
| MADPL(PLB) | ၃,၆၀၀ | ၃,၆၅၀ | ၂,၇၁၃ | ၉,၇၇၇,၄၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၃၇ | ၁,၄၂၄,၅၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**❖ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်၍ ပညာရေးနှင့်ပတ်သက် သည့် ကဏ္ဍသစ်တစ်ခုကို စတင်ဖော်ဆောင်ရန်ရှိပြီး တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် စတင်ဖွင့်လှစ်၍ အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များကို သင်ကြားပေးသွားမည်**

**❖ ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည်**

**❖ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံ ကျောင်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာပညာ သင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး / စာရေးသင်တန်းများအထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေး မှုများနှင့် ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်**

☆ ရှေ့ဖုံးမှ

စည်းကမ်းလိုက်နာမှု အားကောင်းပါက အောင်မြင်မှုများစွာ ရရှိမည်ဖြစ်ကြောင်း၊ တပ်မတော်သားဘဝသည် ရခဲသောဘဝဖြစ်၍ အသက်ကိုစွန့်လွှတ်ရန် သစ္စာပြုထားသူများဖြစ်သည့်အတွက် မိမိတပ်မတော်သားဘဝကို ချစ်မြတ်နိုး၍ ဂုဏ်ယူစွာ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ တပ်မတော်သား ဇနီး၊ မယားများသည်လည်း ဂုဏ်ယူစွာဖြင့် ပါရမီဖြည့်ဖက်ကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

ရာထူးနှင့် ဥစ္စာသည် လုပ်ယူ၍မရကြောင်း၊ မိမိ၏လုပ်ဆောင်မှု၊ ကြိုးစားအားထုတ်မှုနှင့် ကိုက်ညီသော အခြေအနေကိုသာ ရရှိနိုင်ကြောင်း၊ သင်တန်းကျောင်းများ၏ သင်တန်းဆင်းမှတ်ချက်နှင့် အရည်အချင်းသတ်မှတ်ချက်များသည် မှန်ကန်နေရန်လိုကြောင်း၊ သင်တန်းဆင်းအရည်အချင်း သတ်မှတ်ချက်သည် တာဝန်ပေးအပ်မှုတွင် အရေးပါသဖြင့် အရေးကြီးကြောင်း၊ ၎င်းကွပ်ကဲနေသည့် အဖွဲ့အစည်းပေါ်တွင် သက်ရောက်မှုများရှိ၍ သင်တန်းကျောင်းများက မှန်ကန်သောအရည်အချင်းအရ သတ်မှတ်ပေးရန်လိုကြောင်း၊ တပ်မတော်တွင် ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များရှိကြောင်း၊ တပ်မတော်သားများဖြစ်သည့်အတွက် ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုကအစ စည်းကမ်းစနစ်တကျရှိရန် လိုအပ်ပြီး စည်းကမ်းသည် တိုက်တွန်းချက်၊ တားမြစ်ချက်ပင်ဖြစ်၍ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာကြရန်လိုကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် ခေါင်းဆောင်မှုသည်လည်း လွန်စွာအရေးကြီးပြီး ခေါင်းဆောင်မှုမကောင်းလျှင် လက်အောက်၏ယုံကြည်အားကိုးမှု ကျဆင်း၍ တပ်တွင်းစည်းလုံးညီညွတ်မှုကို ထိခိုက်စေကြောင်း၊ အမိန့်သည် ပြီးစလွယ်ပေး၍မရကြောင်း၊ မှန်ကန်သည့် အမိန့်ဖြစ်ရန်နှင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်လိုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိလက်အောက်သို့ အရေးယူအပြစ်ပေးရာတွင် မဆုံးဖြတ်မီ သေချာစွာစဉ်းစားသုံးသပ်ရန်လိုကြောင်း၊ မလိုလားအပ်သော ဆုံးဖြတ်ချက်အလွဲများကြောင့် ကာယကံရှင်တွင် နစ်နာမှုများရှိသကဲ့သို့ တပ်မတော်အတွက်လည်း ဆုံးရှုံးမှုများဖြစ်စေကြောင်း။

**☆ ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်အတွက် အရေးကြုံချိန် နိုင်ငံသားကောင်းတစ်ယောက်ပီသစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသူများဖြစ်၍ အသိအမှတ်ပြု ကျေးဇူးတင်ဂုဏ်ပြု**

**☆ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထိုက်သင့်သော အကျိုးခံစားခွင့်များကို ပေးအပ်ချီးမြှင့်ခဲ့**

**☆ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသူများလည်းရှိ၍ ဝမ်းမြောက်စွာကြိုဆို**

**☆ တာဝန်ရှိသူများအနေဖြင့် အဆိုပါပြည်သူ့စစ်မှုထမ်းများအား ဖခင် စိတ်ဓာတ်၊ ညီအစ်ကို စိတ်ဓာတ်၊ ရဲဘော် ရဲဘက် စိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ယူရန်လို**

တပ်မတော်သားများအနေဖြင့် သစ္စာရှိရန် အထူးလိုအပ်ပြီး သစ္စာအဓိဋ္ဌာန်(၄)ချက်ကို နေ့စဉ်ရွတ်ဆိုနေသူများဖြစ်ကြောင်း၊ သစ္စာသည် စွမ်းအားထက်မြက်သဖြင့် သစ္စာပျက်ယွင်း ချိုးဖောက်မှုများသည် ဘေးအန္တရာယ် ဖြစ်စေကြောင်း၊ စည်းရုံးရေးနှင့်ပတ်သက်၍ အထက်အောက် အပြန်အလှန်လေးစားမှုဖြင့် ကောင်းမွန်သောဆက်ဆံရေးရှိရန်လိုကြောင်း၊ ခေါင်းဆောင်များသည် မိမိကွပ်ကဲအုပ်ချုပ်ရသူများ၏ အရည်အသွေးနှင့် အကျင့်စာရိတ္တကို သိရှိရန်လိုကြောင်း၊ စည်းကမ်းနှင့်ပတ်သက်၍ ခွင့်လွှတ်၍ရသည်ကို ခွင့်လွှတ်၍ ခွင့်လွှတ်၍မရသည်ကို ခွင့်လွှတ်မပေးရန်လိုကြောင်း၊ ခွင့်လွှတ်၍ရသည်များကို နားလည်ခွင့်လွှတ် သွန်သင်ထိန်းကျောင်းပေးသွားရန်လိုကြောင်း၊ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စစသည့် ပြစ်မှုများသည် ခွင့်လွှတ်၍မရကြောင်း။

တပ်မတော်သားကောင်းတစ်ယောက် ဖြစ်ရန်အတွက် မတော်လောဘဖြင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမပြုရန်နှင့် ကင်းရှင်းစွာ နေထိုင်ရန်လိုကြောင်း၊ ဘာသိဘာသာနေခြင်းသည် အဖွဲ့အစည်းကိုပျက်စီးစေနိုင်၍ စည်းကမ်းပိုင်းတွင် အသေးအဖွဲမှစ၍ လျှော့ပေါ့မပေးရန်လိုကြောင်း၊ အထက်အောက်ဆက်ဆံရေးတွင် မှန်မှန်ကန်ကန် တင်ပြမှုသည်အရေးကြီး၍ အခြေအနေမှန်ကို တင်ပြနိုင်မှသာ ခေါင်းဆောင်များ မှန်ကန်စွာ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ အဆင့်လိုက်တာဝန်ခံမှု၊ တာဝန်ယူမှုရှိပြီး အခြေအနေမှန်ကို တင်ပြပေးရန်လိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ တပ်မတော်၏ အဓိကတာဝန်ဖြစ်သော နိုင်ငံတော် ကာကွယ်ရေး တာဝန်ထမ်းဆောင်နိုင်ရန် ကျန်းမာ၊ ကြံ့ခိုင်နေရန်လိုကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးတို့သည် ကိုယ်တိုင်လုပ်ယူရသည့်ကိစ္စဖြစ်၍ ကျန်းမာရေးကောင်းမွန်ရန် တစ်ဦးချင်းကျင့်ကြံနေထိုင်ရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ Standard Army ဖြစ်ရန် ပညာရေးကို မြှင့်တင်သွားရန်လိုကြောင်း၊ ခေတ်မီစစ်လက်နက် ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးချနိုင်ရန် ပညာရည်မြင့်မားရန်လိုအပ်၍ တပ်မှူးများက စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်များ၏ ပညာရေးကို ပိတ်ပင်ခြင်းမပြုရန်နှင့် လမ်းဖွင့်ပေးရန်၊ ဖြည့်ဆည်းပေးရန်လိုကြောင်း၊ အလားတူ မိသားစုဝင် သားသမီးများ၏ ပညာရေးကိုလည်း အားပေးမြှင့်တင်ရန်နှင့် အနည်းဆုံးKG+9 အဆင့်အောင်မြင်ရန်လိုပြီး ဝါသနာအရဖြစ်စေ၊ အထက်တန်းပညာရေးကို ဆက်လက်တက်ရောက်ရန် အခက်အခဲရှိ၍ဖြစ်စေ၊ စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်ရင်း/ဌာနချုပ်အသီးသီး၌ မူကြိုကျောင်းများကိုလည်း ဖွင့်လှစ်ပေးထားပြီး ကလေးငယ်များ၏ နုနယ်သောစိတ်ထားကို လေ့ကျင့်သင်ကြားပေးနိုင်ရန် အရည်အချင်းရှိသော ဆရာမများ ခန့်အပ်ပေးနိုင်ရန်လိုကြောင်း။

ထို့ပြင် လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်၍ ပညာရေးနှင့် ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကိုစတင်ဖော်ဆောင်ရန်ရှိပြီး တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် စတင်ဖွင့်လှစ်၍ အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော် ဆေးဘက်ဆိုင်ရာပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းများအထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေးမှုများနှင့် ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုး၊ မွေးမြူရေးနှင့်ပတ်သက်၍ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးသည် ကိုယ်တိုင်အကျိုးကျေးဇူးကို လက်တွေ့ခံစားရနိုင်ပြီး ငွေပိုငွေလျှံများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများသည် တပ်ရင်းတစ်ရင်းလုံးရှိ မိသားစုများအတွက် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးရန်ဖြစ်ကြောင်း။

အမျိုးသမီးစစ်မှုထမ်းများသည် တပ်မတော်၏ ခွန်အားတစ်ရပ်ဖြစ်ပြီး တပ်မတော်၏ နယ်ပယ်အသီးသီးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် ဖခင်၊ ညီအစ်ကို၊ မောင်နှမ၊ သားသမီးများအဖြစ် စောင့်ထိန်း၍ စောင့်ရှောက်ကာ တစ်ဖက်မှာလည်း လုပ်ဖော်ကိုင်ဖက်ကောင်းများအဖြစ် လက်တွဲခေါ်ယူကြရန်လိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများအနေဖြင့်လည်း ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ မိမိအဖွဲ့အစည်းအပေါ် သိက္ခာကျဆင်းစေသော ဝတ်စားဆင်ယင်မှုကို ရှောင်ကြဉ်၍ ခေတ်မလွန်စေရန် သတိပြုရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ ပျက်စီးစေရာဖြစ်သော အကြောင်းတရား (၆)ပါးကို ရှောင်ကြဉ်ကြရန်လိုကြောင်း။

စစ်မှုထမ်းဟောင်းများသည် တပ်မတော်၏ အမာခံအင်အားဖြစ်၍ နီးစပ်ရာအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်လိုကြောင်း၊ စစ်မှုထမ်းဟောင်းများ၏ မိသားစုများအထိ ကျန်းမာရေး၊ ပညာရေး စသည်တို့ကို ကူညီစောင့်ရှောက်ပေးရန်လိုကြောင်း၊ ထို့အတူ ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်အတွက် အရေးကြုံချိန် နိုင်ငံသားကောင်းတစ်ယောက်ပီသစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသူများဖြစ်၍ အသိအမှတ်ပြုကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထိုက်သင့်သော အကျိုးခံစားခွင့်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသူများလည်းရှိ၍ ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါ ပြည်သူ့စစ်မှုထမ်းများအား ဖခင်စိတ်ဓာတ်၊ ညီအစ်ကိုစိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ယူရန်လိုကြောင်း။

တပ်မတော်သားများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် စေတနာထား၍ လုပ်ဆောင်ရန်၊ သစ္စာရှိစွာလုပ်ဆောင်ရန်လိုကြောင်း၊ အခွင့်အရေး၊ ရာထူးမြော်တွေး၍ မလုပ်ဆောင်ကြရန်လိုကြောင်း၊ ထိုသို့ စေတနာ၊ သစ္စာရှိစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် အောင်မြင်သောတပ်မတော်သားကောင်းများဖြစ်အောင် မိမိကိုယ်ကိုမိမိ တည်ဆောက်သွားရန်လိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား နှစ်နိုင်ငံဘဏ်လုပ်ငန်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ဒီဂျစ်တယ်ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းတွင် ခေတ်မီအိုင်စီတီနည်းပညာများဖြင့် အဆင့်မြှင့်တင်ရေးအတွက် ဆွေးနွေးပွဲများ ဆောင်ရွက်ရန်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အစဉ်အလာရှိသည့် ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ရန်ကုန်မြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီကကြီးမှူးကျင်းပသော ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ်ရှိ M-3 Food Center ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်ထံမှ ပေးပို့သည့်သဝဏ်လွှာအား ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်မြင့်အောင်က ဖတ်ကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးနှင့် ကော်မတီဝင်များက လူမှုထူးချွန်ဆုရရှိသူများ၊ (၆၅)နှစ်ပြည့်ဂုဏ်ထူးဆောင်ရရှိသူများ၊ စံပြကြက်ခြေနီဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ရွှေပြည်သာ မေ ၈**

ရန်ကုန်တိုင်း ဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၆) ရပ်ကွက်၌ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်း ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုကို မင်္ဂလာဒုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှု၍ ပြီးစီးသည့် ကတ်ပြားများအား ပေးအပ်ခဲ့သည်။

ကွင်းဆင်း ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မင်္ဂလာဒုံခရိုင် ဦးစီးမှူး ဦးထိန်လင်းသိန်း၊ ရွှေပြည်သာမြို့နယ် ဦးစီးမှူး ဦးသောင်းမိုးနှင့် ဝန်ထမ်းများက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် e-ID စနစ်ဖြင့် Biometric ကောက်ယူ၍ UID ကတ်များ ထုတ်ပေးခြင်းတို့ကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**

# ဇလွန်မြို့နယ်၌ အစိုးရသစ်၏ ရက် (၁၀၀)စီမံချက်ဖြင့် ဇီဝလုံခြုံမှု သင်တန်းဖွင့်



**ဇလွန် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက နိုင်ငံတော်အစိုးရသစ်၏ ရက် (၁၀၀)စီမံချက်ဖြင့် ဇီဝလုံခြုံမှု သင်တန်းကို ယမန်နေ့နံနက် ၉ နာရီက အဗျင်းလယ်ဦး စံပြကျေးရွာ၌ ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာကျော်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာလေးမွန်ကြည်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တမူးမြို့၌ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**တမူး မေ ၈**

၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တမူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုက အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းနွယ်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်များကို ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ




နိုင်ငံတော်က ချီးမြှင့်သော လူမှုထူးချွန်တံဆိပ်ရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

နေပြည်တော် မေ ၈

၂၀၂၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မိတ်ဖက်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီဗဟိုကောင်စီဝင်များ၊ စံပြကြက်ခြေနီများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ လူထုကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို ပိုမိုလုပ်ဆောင်ရန်၊ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများကို ခိုင်မာအောင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ ဌာနေကိုယ်စားလှယ်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ဌာနေကိုယ်စားလှယ်တို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၅ ခုနှစ် စံပြကြက်ခြေနီဆုရသူများအားလည်းကောင်း၊ အသက် (၆၅) နှစ်ပြည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ၂၀၂၅-၂၀၂၆ ခုနှစ်

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားနှင့် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲ တက်ရောက်



ပုသိမ် မေ ၈

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ထူးချွန်ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများက ဆုများချီးမြှင့်ကြပြီး ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြခန်းကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပုသိမ် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည့် ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်း (ချောင်းသာ၊ ငွေဆောင်) မှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားကာ လူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၏ ဆေးရုံကြီးကြပ်ကွပ်ကဲရေးအဖွဲ့ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၈

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး ဆေးရုံကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၆)ကို ယနေ့ မွန်းလွဲပိုင်းက ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အုပ်ချုပ်မှုနှင့် ကုသမှုဆိုင်ရာ ကိစ္စရပ်များ၊ အသုံးစရိတ်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၏ နှလုံးကုသဆောင် (Cath-Lab) နှင့် အနီရောင်အဆောင့် (6U4S-3Beds) တိုက်အမှတ်(A၊ C)နှင့် (6U4S-2Beds) တိုက်အမှတ်(B ၊ D)တို့ကို ပြန်လည်ပြုပြင်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြစ်ကြီးနားမြို့၌ အခွန်ပညာပေးရှင်းလင်းပွဲကျင်းပ



မြစ်ကြီးနား မေ ၈

ကချင်ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင် အခွန်ထမ်းပြည်သူများ အခွန်ဆိုင်ရာကိစ္စရပ်များ ပိုမိုသိရှိနားလည်လာစေရန်ရည်ရွယ်၍ အခွန်ပညာပေးရှင်းလင်းပွဲကို မြစ်ကြီးနားမြို့ မနောရွှေပြည်ခန်းမ၌ ယနေ့ နံနက် ၉ နာရီကကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်နိုင်က အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်များ၊ အခွန်အမျိုးအစားများ၊ အခွန်၏အင်္ဂါရပ်များ၊ အခွန်မစည်းကြပ်ထိုက်သော ဝင်ငွေပမာဏ၊ အခွန်တာဝန်များ၊ အခွန်အကောက်ဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး ၂၀၂၅-၂၀၂၆ ခုနှစ်တွင် အခွန်စီမံခန့်ခွဲရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ခဲ့သော မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ မြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မေ ၈ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးလှိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြစဉ်။ မြို့နယ်(ပြန်/ဆက်)



# ဘိုကလေးမြို့၌ ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ ကျင်းပ

ဘိုကလေး မေ ၈

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲကို ယမန်နေ့က ဘိုကလေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က ဒေသန္တရစီမံကိန်းများ ဆောင်ရွက်မည့် ဌာနများအား စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# တောင်သူအကျိုးများစေဖို့ ဆီထွက်နေကြာစိုက်ကြစို့

**နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်သော မပြည့်ဝဆီဖြစ်သည့်အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးသူဈေးကွက်တွင် လူကြိုက်များလာသည်ကို တွေ့ရှိရသည်။ ဈေးကွက်အတွင်းရောင်းချနေသော နေကြာဆီများသည် ယေဘုယျအားဖြင့် နေကြာဆီအသစ်များပေါ်သည့်အချိန်တွင်သာ ဈေးနှုန်းအနည်းငယ်ကျဆင်းတတ်ပြီး သာမန်အားဖြင့် နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် နှစ်သောင်းမှ နှစ်သောင်းခွဲဝန်းကျင်အထိရှိကြောင်း တွေ့ရှိရသည်။**

**မောင်ဇော်(မိုးကောင်း)**

နေကြာဆီသည် ကိုလက်စထရော(Colestrol) ဓာတ်နည်းသဖြင့် ကျွန်တော်တို့ ကျန်းမာရေးအတွက် စားသုံးသင့်သော စားသုံးဆီ ဖြစ်ပါသည်။ အနောက်နိုင်ငံများတွင် အများဆုံးစားသုံးသည့် စားသုံးဆီ (Edible Oil) လည်း ဖြစ်ပါသည်။ နေကြာဆီနှင့်ကြော်လျှင် ဆီလျော့နည်းမသွားဘဲ ကြာရှည်စွာ ကြော်လှော်နိုင်သဖြင့် 'အကြော်ခံဆီ' ဟူ၍လည်း ခေါ်ဆိုကြပါသည်။ နေကြာဆီသည် မပြည့်ဝဆီဖြစ်ပြီး သင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သည့် သွေးတွင်းအဆီဓာတ် (High–density lipo-protein– HDL)ကို မြင့်တက်စေနိုင်ပြီး မကောင်းသည့် အဆီဓာတ် (Low–density lipoprotein–LDL)ကို လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါ စသည့်မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေနိုင်သည်။ နေကြာဆီသည် မှိုပါဝင်မှုမရှိခြင်း၊ အနံ့အရသာကောင်းမွန်ခြင်း၊ အကြော်ခံခြင်းတို့ကြောင့် ကျန်းမာရေးနှင့် အထူးသင့်လျော်သည့် စားသုံးဆီအဖြစ် ဈေးကွက်တွင် လူကြိုက်များ ရေပန်းစားနေခြင်းဖြစ်ပါသည်။

ထိုသို့ လူကြိုက်များရေပန်းစားပြီး ဈေးကွက်ဝယ်လိုအားရှိကာ ဝင်ငွေကောင်းသောနေကြာဆီကို ပြည်တွင်း၌ ပိုမိုတိုးမြှင့်ထုတ်လုပ်ရန်အတွက် နေကြာကို ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ရန်လိုအပ်သည်။ ထို့ကြောင့်လည်း နေကြာနှင့် ပတ်သက်သည့်အချက်အလက်များကို လေ့လာကြည့်သည့်အခါ နေကြာသီးနှံသည် အအေးဒဏ်နှင့် အပူဒဏ်ကို အခြားအပင်များထက် ခံနိုင်ရည်ရှိသည့်အတွက် ဒေသအမျိုးမျိုး၊ ရာသီဥတုအမျိုးမျိုးတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည်ကို တွေ့ရှိရပါသည်။ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာပေါ်တွင် နေကြာစိုက်ပျိုးထုတ်လုပ်မှုအများဆုံးနိုင်ငံများဖြစ်သည်ကို တွေ့ရှိရသည်။

**ပြည်တွင်း၌ ပြည့်ဝစွာထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်**

ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် နေကြာသီးနှံကဲ့သို့ ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သောစားသုံးဆီများကို ပြည်တွင်း၌ ပြည့်ဝစွာထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။ နိုင်ငံ၏ ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သောစားသုံးဆီပမာဏကို လေ့လာကြည့်လျှင် လူတစ်ဦးတစ်နှစ်အတွက် စားသုံးဆီကို ခြောက်ပိဿာနှုန်းဖြင့် မူတည်တွက်ချက်ပါက လူဦးရေ ၅၁ သန်းကျော်အတွက် ဆီတန်ချိန် ငါးသိန်းကျော် လိုအပ်ပါသည်။ လက်ရှိအချိန်အထိ ပြည်တွင်းတွင် စားသုံးဆီ လုံလောက်စွာ မထုတ်လုပ်နိုင်သည့်အတွက် ပြည်ပမှဝယ်ယူတင်သွင်းနေရမှုကြောင့် စားသုံးဆီထုတ်လုပ်နိုင်သော မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာ၊ ပဲပုပ် စသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး နိုင်ငံတော်အစိုးရကလည်း အားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ နေကြာသည် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသော မျိုးစေ့ပမာဏကို နှိုင်းယှဉ်ပါက အချိုးအစားမြင့်မားပြီး ဆီထွက်ရှိမှုရာခိုင်နှုန်း ပိုမိုများပြားသည့်အပြင် နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်ခြင်း စသည့် အားသာချက်များရှိသည့်အတွက် တိုးချဲ့စိုက်ပျိုးရန် အထူးသင့်လျော်သော ဆီထွက်သီးနှံဖြစ်ပါသည်။

ဆီထွက်သီးနှံ နေကြာသည် သီးထပ်ဖြစ်စေ၊ သီးညှပ်ဖြစ်စေ စိုက်ပျိုးနိုင်သော အပင်ဖြစ်သည်။ လယ်မြေတွင် စပါးရိတ်သိမ်းအပြီးဖြစ်စေ၊ ယာမြေတွင် မိုးသီးနှံရိတ်သိမ်းအပြီးဖြစ်စေ၊ ကိုင်းကျွန်းမြေများတွင်ဖြစ်စေ စိုက်ပျိုးနိုင်ပါသည်။ မြန်မာနိုင်ငံတွင် မိုးရာသီနှင့် ဆောင်းရာသီတို့တွင် နေကြာကို အဓိကထားစိုက်ပျိုးကြရာ မိုးနေကြာကို မေလမှ ဇွန်လအတွင်း စိုက်ပျိုးကြပြီး ဆောင်းနေကြာကို မိုးနှောင်းရာသီ စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးကြသည်ကို တွေ့ရသည်။ မေလအတွင်းသို့ ရောက်ရှိလာပြီဖြစ်သည့် ယခုအချိန်၌ နေကြာစိုက်ပျိုးရန်အတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့် သင့်လျော်သည့် မြေဩဇာများကို ထည့်သွင်းအသုံးပြုခြင်း၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိအသုံးပြုခြင်း၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိခြင်းနှင့် ခေတ်မီနည်းစနစ်များအသုံးပြုခြင်း စသော **မျိုး၊ မြေ၊ ရေ၊ နည်း** တို့ကို စနစ်တကျအသုံးပြုဆောင်ရွက်ပါက ဧကန်မုချ ဖြစ်ထွန်းအောင်မြင်မည်ဖြစ်ပါသည်။



ရင့်မှည့်နေကြာများ ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

**အထွက်တိုးနေကြာမျိုး နှစ်မျိုး**

ကျွန်တော်တို့နိုင်ငံတွင် စိုက်ပျိုးသင့်ကြောင်း သုတေသနပြုထုတ်ဝေထားသည့် အထွက်တိုးနေကြာမျိုး နှစ်မျိုးရှိပြီး ပထမတစ်မျိုးမှာ **ရေဆင်းစပ်မျိုးနေကြာ–၁** ဖြစ်သည်။ သက်တမ်းရက် ၈၀ မှ ၈၅ ရက်ရှိသော မျိုးဖြစ်သည်။ အပင်ပေါက်ရာခိုင်နှုန်းမြင့်မားပြီး အပင်သန်စွမ်းကောင်းမွန်သည်။ အပင်အမြင့်မှာ လေးပေမှ ၄ ဒသမ ၅ ပေရှိပြီး ယိုင်လဲမှုဒဏ်ကို ခံနိုင်ရည်ရှိသည်။ နေကြာတွင်ကျရောက်တတ်သော နေကြာရွက်ခြောက်ရောဂါဒဏ်ကိုအသင့်အတင့်ခံနိုင်ရည်ရှိသည်။ အပွင့်အရွယ်အစား ကြီးမား၍ အချင်း ငါးလက်မမှ ကိုးလက်မခန့်ရှိသည်။ တစ်ပွင့်တွင် အောင်စေ့ ၅၀၀ မှ ၉၀၀ အထိ ပါရှိသည်။ အစေ့အရွယ်အစားကြီးမား၍ အစေ့ ၁၀၀၀ အလေးချိန် ၄၅ ဂရမ်မှ ဂရမ် ၅၀ ရှိသည်။ ဆီပါဝင်မှုနှုန်းလည်းများပြီး ရာခိုင်နှုန်းအားဖြင့် ၄၈ ရာခိုင်နှုန်းမှ ၅၁ ရာခိုင်နှုန်းအထိ ပါဝင်သည်။ ပျားဖြင့်သော်လည်းကောင်း၊ လူဖြင့်သော်လည်းကောင်း ဝတ်မှုန်ကူးပေးရန် မလိုအပ်ဘဲ တစ်ဧကအထွက်နှုန်း ၅၅ တင်းမှ တင်း ၆၀ အထိ ရရှိနိုင်သောမျိုးဖြစ်ကြောင်း သိရှိရပါသည်။

ဒုတိယမျိုးမှာ **ဆင်းရွှေကြာ–၂** ဖြစ်သည်။ အထွက်ကောင်းမျိုး (Open pollinated variety–OPV) ဖြစ်ပြီး သက်တမ်းမှာ ရက် ၈၀ မှ ၈၅ ရက်ရှိသော မျိုးဖြစ်သည်။ အပင်အမြင့်မှာ လေးပေမှ ၄ ဒသမ ၅ ပေရှိပြီး အပွင့် အချင်း ငါးလက်မမှ ရှစ်လက်မရှိသည်။ တစ်ပွင့်တွင် အောင်စေ့ ၅၀၀ မှ ၈၀၀ ခန့် ပါရှိသည်။ အစေ့ ၁၀၀၀ အလေးချိန် ၄၂ ဂရမ်မှ ၄၅ ဂရမ်ရှိသည်။ ဆီထွက်ရာခိုင်နှုန်း ၄၅ မှ ၄၈ ရာခိုင်နှုန်းအထိ ရှိသည်။ တစ်ဧကအထွက်နှုန်း ၂၅ တင်းမှ တင်း ၃၀ ထွက်နိုင်သောမျိုးဖြစ်ပြီး ဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း သိရှိရပါသည်။ အဆိုပါနေကြာမျိုးများသည် သက်လျင်အထွက်ကောင်းမျိုးများဖြစ်သဖြင့် တန်ဖိုးကြီးလု

> **နေကြာသီးနှံကဲ့သို့ ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သောစားသုံးဆီများကို ပြည်တွင်း၌ ပြည့်ဝစွာထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။ နေကြာသည် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသော မျိုးစေ့ပမာဏကို နှိုင်းယှဉ်ပါက အချိုးအစားမြင့်မားပြီး ဆီထွက်ရှိမှုရာခိုင်နှုန်း ပိုမိုများပြားသည့်အပြင် နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်ခြင်း စသည့် အားသာချက်များရှိသည့်အတွက် တိုးချဲ့စိုက်ပျိုးရန် အထူးသင့်လျော်သော ဆီထွက်သီးနှံဖြစ်**

သော မြေကြီးပေါ်တွင်သေချာရွေးချယ်စိုက်ပျိုးပါက "မြေကြီးကရွှေသီး"သကဲ့သို့ ကျေနပ်အားရစွာ တောင်သူကြီးတို့ပျော်ရွှင်ကြရမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

**ယခုနှစ်တွင် နေကြာစိုက်ဧက ၁ ဒသမ ၁ သန်းကျော်ရှိ**

နေကြာကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုရလျှင် ယခုနှစ်တွင် နေကြာစိုက်ဧက ၁ ဒသမ ၁ သန်းကျော်ရှိကြောင်းတွေ့ရသည်။ မြေမျက်နှာသွင်ပြင်နှင့် နယ်မြေဒေသ ရာသီဥတုအရဒေသတစ်ခုနှင့်တစ်ခု၏ တစ်ဧကအထွက်နှုန်းချင်း မတူညီဘဲ ရှမ်းပြည်နယ်တွင် တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၃၀ ကျော်ထွက်ရှိကြောင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုလျှင် တစ်ဧက ပျမ်းမျှ ၂၃ တင်းဝန်းကျင်ထွက်ရှိကြောင်း တွေ့ရှိရသည်။ နေကြာတစ်တင်းကို ဆီကြိတ်ခွဲလျှင် ပျမ်းမျှအားဖြင့် နေကြာဆီ နှစ်ပိဿာခွဲမှ လေးပိဿာဝန်းကျင် ထွက်ရှိသဖြင့် ဒေသနှင့်ကိုက်ညီပြီး ဆီထွက်နှုန်းကောင်းသော နေကြာမျိုးများကိုရွေးချယ်၍ ပိုမိုစိုက်ပျိုးပါက တောင်သူဦးကြီးများ၏ ဝင်ငွေတိုးတက်ကာ နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

နေကြာတစ်ဧက ထွန်ယက်စိုက်ပျိုးရန်အတွက် မျိုးစေ့ လေးပြည်မှ ငါးပြည်ခန့်သာ လိုအပ်သည်။ မြေယာစတင်ထွန်ယက်ပြုပြင်ချိန်မှ ရိတ်သိမ်းပြီးချိန်အထိ စုစုပေါင်းကုန်ကျငွေမှာ နေရာဒေသအပေါ်မူတည်ပြီး အနည်းဆုံး ကျပ် ငါးသိန်းမှ ကျပ် ခုနစ်သိန်းဝန်းကျင်ခန့်ကုန်ကျနိုင်ကြောင်း တွေ့ရှိရသည်။ ပြန်လည်ရောင်းချပါက နေကြာတစ်တင်းလျှင် ငွေကျပ် ခြောက်သောင်းကျော်မှ ရှစ်သောင်းဝန်းကျင်အထိ ဈေးကွက်ပေါက်ဈေး ရရှိနိုင်သည့်အတွက် တစ်ဧကလျှင် နေကြာတင်း ၂၀ ခန့် ထွက်ရှိလျှင်ပင် အကျိုးအမြတ်အနေဖြင့် အနည်းဆုံး ငွေကျပ်ငါးသိန်းကျော်ဖြစ်ရာ ဝင်ငွေရရှိရန်သေချာသော သီးနှံပင်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်သောအစိုးရကလည်း တောင်သူလယ်သမားဦးကြီးများ၏ ဝင်ငွေတိုးတက်ရရှိစေရန်အတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ပေးအပ်လျက်ရှိရာ စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါတို့အတွက် တစ်ဧကလျှင် ကျပ် သုံးသိန်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် ကျပ် နှစ်သိန်းခွဲနှင့် ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်တို့နှင့် ပတ်သက်၍ တစ်ဧကလျှင် ကျပ် တစ်သိန်းခွဲအထိ ပေးအပ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ နေကြာကဲ့သို့သော ဆီထွက်သီးနှံစိုက်ပျိုးရေးကို အားပေးမြှင့်တင်ရန်အတွက် နိုင်ငံတော်အစိုးရက ယခင်ပေးအပ်လျက်ရှိသော တစ်ဧက ငွေကျပ်တစ်သိန်းအစား ယခုကဲ့သို့ ငွေကျပ်နှစ်သိန်းခွဲအဖြစ် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။ နေကြာတစ်ဧက စိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်တွင် အဓိကကျသော သွင်းအားစုများဖြစ်သည့် မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးများကို ဝယ်ယူဖြည့်တင်းရန်အတွက် လုံလောက်သောပမာဏကို နိုင်ငံတော်က စိုက်ပျိုးစရိတ်အဖြစ် ထုတ်ချေးပေးထားပြီး နေကြာစိုက်တောင်သူဦးကြီးများအနေဖြင့် လုပ်အားဝါယမ စိုက်ထုတ်ကာ ဖိဖိစီးစီးကြိုးစားဆောင်ရွက်မည်ဆိုပါက မလွဲမသွေ အထွက်နှုန်းကောင်းမွန်မည်ဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ■

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲ ဆဋ္ဌသင်္ဂါယနာတင်ရာ သမိုင်းဝင်နေရာနှင့် သမိုင်းမှတ်တမ်းများ အသေးစိတ်လေ့လာနိုင်

**ရန်ကုန် မေ ၈**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး ပတ်လမ်းတွင် ဆက်လက်ပြသလျက်ရှိရာ လာရောက်လေ့လာသူ ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



ယနေ့ အထူးပြပွဲသို့ လှည်းကူး ပညာရေးဒီဂရီကောလိပ်၊ မှော်ဘီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ်သာသနာရေးမှူးရုံးမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လှည်းကူးမြို့နယ် သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာလေးများ၊ ရဟန်းရှင်လူပြည်သူများ လာရောက်လေ့လာကြသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် မဟာမင်္ဂလာ အထိမ်းအမှတ် အထူးပြပွဲတွင် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင်အကြောင်းအရာများနှင့် ယနေ့ခေတ်သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ ပြသထားပြီး ပြကွက် (၁၀) ၌ သာသနာတော် ဆက်လက် အဓွန့်ရှည်တည်တံ့စေရန် ရည်ရွယ်၍ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ပူဇော်ထားရှိသော ရွှေတိဂုံစေတီတော်၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား၊ ကုသိုလ်တော်ဘုရားတွင် ရေးထိုးထားသော ကျောက်စာများနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဆောင်ရွက်ခဲ့သော သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ ဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ မာရဝိဇယကျောက်စာ ဓမ္မစေတီများ၊ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာ တို့ကို ပြသထားသည်။

ထို့အတူ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့ ထွန်းကား ပြန့်ပွားရေးအတွက် သာသနာပြု မင်းအဆက်ဆက်၏ သာသနာတော်ဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း လေ့လာသူများ တွေ့မြင်မှတ်သားနိုင်မည် ဖြစ်သည်။

သာသနာသက္ကရာဇ် ၂၄၁၅ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးက ပဉ္စမသင်္ဂါယနာတင်ပွဲကို မန္တလေး ရတနာပုံနေပြည်တော်၌ ကျင်းပခဲ့ပြီး ပိဋကတ်တော်များကို ကျောက်စာထက်၌ ရေးထိုးခဲ့သည်။

သာသနာသက္ကရာဇ် ၂၄၉၈ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ရန်ကုန်မြို့ ကမ္ဘာအေးရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ဆရာဒကာ လက်တွဲညီစွာ ကျင်းပခဲ့ပြီး မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားမှ သံဃာတော်များ စုပေါင်းပါဝင်ခဲ့သည်။ ပဉ္စမသင်္ဂါယနာတင်စဉ်က ကျောက်စာများကို မူရင်းထား၍ ပိဋကတ်တော်များကို ထပ်မံတည်းဖြတ်ကာ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

မျက်မှောက်ခေတ်တွင်လည်း ဗုဒ္ဓသာသနာတော်ကို အရှည်တည်တံ့ ထွန်းကားပြန့်ပွားရေးအတွက် ရှေးရှေးမင်းကောင်းမင်းမြတ်တို့ ကျင့်သုံးခဲ့သည့် အစဉ်အလာအတိုင်း သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ခဲ့ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင် ဆောင်ရွက်ခဲ့သည့် သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲတွင် တွေ့မြင်နိုင်မည်ဖြစ်သည်။



ဦးဇော်ဦး(ညွှန်ကြားရေးမှူး)

ရန်ကုန် တိုင်းဒေသကြီး သာသနာရေးမှူး ညွှန်ကြားရေးမှူးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲနှင့်စပ်လျဉ်း၍ "ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ကျွန်တော်တို့ မမီခဲ့ပေမယ့် ဒီလိုနှစ်(၇၀)အောင်ပွဲ အခမ်းအနားကို နိုင်ငံတော်သမ္မတကြီးက ဦးဆောင်ကျင်းပလို့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအားလုံး ပြန်လည်ကြည်ညိုခွင့်ရပြီး အကျိုးကျေးဇူးများခဲ့ပါတယ်။ ဆဋ္ဌသင်္ဂါယနာတင် သမိုင်းအသေးစိတ်တွေကို အခုပြပွဲမှာ ဖော်ပြထားတဲ့အတွက် ဘာသာသာသနာနဲ့ပတ်သက်ပြီး မသိခဲ့တာတွေ၊ မမီခဲ့တဲ့မှတ်တမ်းမှတ်ရာတွေကို ပြန်လည်သိရှိနိုင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ ကြည့်ရှုမှတ်သားလေ့လာတယ်။ ဆက်ပြီး ထိန်းသိမ်း စောင့်ရှောက်ရမယ်ဆိုတဲ့အတွေးတွေ ရလာတယ်ဆိုရင် ဘာသာသာသနာအတွက် အားတစ်ခုပါပဲ။ ဒီပြပွဲက ထေရဝါဒဗုဒ္ဓသာသနာအတွက် အားတစ်ခုဖြစ်သလို ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ပြန်လည်မြင်တွေ့ကြားသိခွင့်ရခဲ့တယ်။ သမိုင်းမှတ်တမ်းတွေကို ပြည်လည်ကြည်ညိုခွင့် ပူဇော်ခွင့်ရတာက ကုသိုလ်ထူးတယ်လို့ယူဆပါတယ်" ဟု ပြောသည်။ **သတင်းအဖွဲ့**

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မုဒုံ မေ ၈**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်/ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်နေမှုကို မေ ၆ က အလက(ခွဲ) စာသင်ကျောင်း၌ ကွင်းဆင်း ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုကို မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေးနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးက ကြီးကြပ်၍ ဝန်ထမ်းများက ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရာမညု (ပြန်/ဆက်)**

## စံပယ်ပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်

**ကျောက်ပန်းတောင်း မေ ၈**

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀) စီမံချက်ဖြင့် စံပယ်ပင်ကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးသည်။



ကျောက်ပန်းတောင်း မြို့နယ် စံပယ်ပင်ကျေးရွာ၌ 7.5 HP (Motor & Pump) တပ်ဆင်ခြင်းနှင့် ၂" Ø GI ၂၇ လုံး ရေထုတ်ပိုက် တပ်ဆင်ခြင်း ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေကျပ် ၁၇ ဒသမ ၂ သန်းဖြင့် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများက ဧပြီ ၂၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး မေ ၈ ရက်တွင် လုပ်ငန်းများအားလုံး ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိနေပြီ ဖြစ်ကြောင်း သိရသည်။

**ကောင်းဆက်**

■ **စာမျက်နှာ ၆ မှ**

ကျွန်တော်တို့နိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်ဖြစ်သည့် စားသုံးဆီများကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေသုံးစွဲနေရသည့်အပြင် ဈေးနှုန်းကြီးမြင့်မှုများလည်း ဖြစ်ပေါ်လျက်ရှိပါသည်။ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ဆီထွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ပါက စားသုံးဆီများ ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ပြီး ပြည်တွင်းတွင်လည်း စားသုံးဆီများ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်မည့်အပြင် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ကြမည်ဖြစ်ပါသည်။ စားသုံးဆီကုန်ကြမ်းများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စသည်တို့ကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်ရန်လည်း လိုအပ်ပါသည်။

### ပြည်တွင်းဆီစားသုံးမှု ဖူလုံရန်အတွက် တိုးချဲ့စိုက်ပျိုးသင့်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားများအားလုံး အလုပ်လုပ်ကြရန် လွန်စွာအရေးကြီးကြောင်း နိုင်ငံတော်သမ္မတကြီးကလည်း တိုက်တွန်းပြောကြားခဲ့သည်။ နိုင်ငံတော်အစိုးရ၏ မူဝါဒမှာလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝကို မြင့်မားလာစေမည့်အပြင် ပြည်သူတစ်ရပ်လုံးကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ခံစားကြရမည်ဖြစ်ပါသည်။ ဆီထွက်သီးနှံများအနက် နေကြာသီးနှံသည် မြန်မာနိုင်ငံ၏ ရာသီဥတု၊ ရေ/မြေသဘာဝနှင့် အထူးသင့်လျော်ပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နည်းပါးသည့် သီးနှံတစ်မျိုးဖြစ်ပါသည်။ အထွက်နှုန်းကောင်းမွန်သည့်အပြင် ဆီထွက်ရှိမှုနှုန်းလည်း ကောင်းမွန်ခြင်းတို့ကြောင့် ပြည်တွင်းဆီစားသုံးမှုဖူလုံရန်အတွက် တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားတစ်မျိုးဖြစ်သည်။ ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချပေးနိုင်သော သွင်းကုန်အစားထိုး သီးနှံတစ်မျိုးလည်းဖြစ်ပါသည်။ **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဆိုသည့်အတိုင်း ဆီထွက်နေကြာကို တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ခြင်းအားဖြင့် တောင်သူဦးကြီးများ၊ ဆီစက်ပိုင်ရှင် လုပ်ငန်းရှင်များအပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုတိုးတက်ရရှိစေနိုင်ပါသည်။ စားသုံးသူပြည်သူများအနေဖြင့်လည်း ဈေးနှုန်းသင့်တင့်စွာဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော နေကြာဆီကို ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ပြည်တွင်းစားသုံးဆီသုံးစွဲမှု ဖူလုံရေးနှင့် စိုက်ပျိုးသူတောင်သူဦးကြီးများ အကျိုးစီးပွားတိုးတက်စေမည့် ဆီထွက်နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၈**

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၁/၂၀၁၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃) အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအုံက ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက်၏ နှစ်ဆပြည့်မီအောင် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးနှင့် စပ်လျဉ်း၍ ပို့ကုန်လုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိနားလည်အောင်လေ့လာပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရေးကိစ္စရပ်များ၊ စက်သုံးဆီ၊ စားသုံးဆီ ဖြန့်ဖြူးမှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးနှင့် CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဝန်ထမ်းများနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၈**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) စွယ်တော်ဆောင် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ မပျောက်ပျက်အောင် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိက၊ media ကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကမ္ဘာကသိရှိအောင် ဝိုင်းဝန်းကြိုးစားဖော်ထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တက္ကသိုလ်၏ မှတ်တမ်းရုပ်ရှင်ဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် သရဖီဆောင် အနုပညာခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အနုသုခုမပညာရပ်များကို ထိန်းသိမ်းပြီး မျိုးဆက်သစ်များကို လက်ဆင့်ကမ်းဖြန့်ဝေသင်ကြားပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုက်ကြီးမွေးမြူရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု တိုက်ကြီးမွေးမြူရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုက်ကြီးမြို့နယ် တိုက်ကြီးမွေးမြူရေးဇုန်အတွင်း သာယာကုန်းကုမ္ပဏီလီမိတက်မှ အသားတိုးကြက်အကောင်ရေ ၂၁၀၀၀ မွေးမြူထားရှိမှုနှင့် မွေးမြူရေးခြံများ ဆောက်လုပ်ပြီးစီးမှု၊ မြတ်မင်းကုမ္ပဏီလီမိတက်မှ အသားတိုးဝက်အကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုနှင့် မွေးမြူရေးခြံများ ဆောက်လုပ်ပြီးစီးမှု၊ SUPER SEVEN STARS AGRI-TECHCO.,LTD မှ ကြက်မွေးမြူနိုင်ရေး မွေးမြူရေးခြံများ ဆောက်လုပ်ပြီးစီးမှုနှင့် မွေးမြူရေးခြံများ ဆောက်လုပ်နေမှု၊ Myanmar Livestock Society Group မှ ဆိတ်အကောင်ရေ ၇၄၀ မွေးမြူထားရှိမှု၊ National Wood နွားမွေးမြူရေးခြံ၌ ဒေသနွားအကောင်ရေ ၂၅၆ ကောင်၊ နေပီယာမြက်မျိုးများနှင့် တိရစ္ဆာန်အစာပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုက်ကြီးမွေးမြူရေးဇုန်အတွင်း နေပီယာမြက်မျိုးများနှင့် တိရစ္ဆာန်အစာပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့ပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘားအံ မေ ၈**

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့နံနက်ပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ) တွင် (၉၆ပေ x ၆၈ပေ) RC လေးခန်းတွဲ လေးထပ် ဆရာဝန်အိမ်ရာ ဆောက်လုပ်နေမှု၊ ဘားအံမြို့ အမှတ်(၁) ရပ်ကွက်ရှိ ကရင်ပြည်နယ်တရားလွှတ်တော် (၁၃၄ပေ x ၁၄၁ပေ) RC သုံးထပ် အဆောက်အအုံဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ဘားအံမြို့ ကန်သာယာ၌ ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများ၏ အပြည်ပြည်ဆိုင်ရာ လေးယောက်လှော်လှေဝမ်းပြား လှော်ခတ်လေ့ကျင့်နေမှုနှင့် Optimist ရွက်လှေ ရွက်တိုက်လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ကြံခင်းမြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား ကျင်းပ

**ကြံခင်း မေ ၈**

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကြံခင်းမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောဦးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်း ရုံးဆောက်လုပ်ရန်အတွက် တာဝန်ရှိသူများထံ အလှူရှင် ဒေါက်တာ အောင်ကျော်ဆန်းမိသားစုက မြေရာပိုင်ဆိုင်မှုအချက်အလက်များကို ပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားတိုးမြှင့်ထုတ်ချေးမည့် အစီအစဉ်နှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများ ထုတ်ချေးမည့်ကာလသတ်မှတ်

## တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သစ်အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဦးစားပေးဆောင်ရွက်မည့်ကိစ္စရပ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားတိုးမြှင့်ထုတ်ချေးမည့် အစီအစဉ်နှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများထုတ်ချေးမည့် အစီအစဉ်တို့အား တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မိုးရာသီချေးငွေကာလမှစတင်၍ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားတိုးမြှင့်ထုတ်ချေးမည်ဖြစ်ရာ သီးနှံအမျိုးအစားအလိုက် တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား၊ ချေးငွေအတိုးနှုန်း၊ စတင်ထုတ်ချေးမည့်ကာလသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ထုတ်ချေးမည့်ချေးငွေနှုန်းထား**

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေ နှုန်းထား | တိုးမြှင့်ထုတ်ချေးမည့် နှုန်းထား |
|---|---|---|---|
| (၁) | စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) | ကျပ် ၁၅၀,၀၀၀ | ကျပ် ၃၀၀,၀၀၀ |
| (၂) | အခြားသီးနှံ(၁၈)မျိုး | ကျပ် ၁၀၀,၀၀၀ | ကျပ် ၂၅၀,၀၀၀ |
| (၃) | ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော် | ကျပ် ၁၀၀,၀၀၀ | ကျပ် ၁၅၀,၀၀၀ |

(ခ) **ချေးငွေအမျိုးအစားနှင့်ထုတ်ချေးကာလ**

| စဉ် | ချေးငွေအမျိုးအစား | ထုတ်ချေးကာလ |
|---|---|---|
| (၁) | မိုးချေးငွေ | ၂၀၁၆ ခုနှစ်၊ မေလမှ စက်တင်ဘာလကုန်အထိ၊ |
| (၂) | ဆောင်းချေးငွေ | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ၊ |
| (၃) | မိုးကြိုချေးငွေ | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လကုန်အထိ၊ |

(ဂ) **ချေးငွေအတိုးနှုန်း** - (၁)နှစ်လျှင် ၅%၊
(ဃ) **စတင်ထုတ်ချေးမည့်ရက်** - ၁၂-၅-၂၀၁၆ (၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်)၊
(င) **အာမခံ(အပေါင်)ရယူမှု** - လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မူရင်း။

၃။ လယ်ယာသုံးစက်ကိရိယာချေးငွေဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ချေးငွေပမာဏ** - ကျပ်သိန်း ၁၀၀ မှ ကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၁ မှ ကျပ်သိန်း ၅၀၀၀ အထိ တစ်ကဏ္ဍ၊
(ခ) **အတိုးနှုန်း** - (၁)နှစ်လျှင် ၆%၊
(ဂ) **ချေးငွေသက်တမ်း** - နှစ်ချင်းဆပ် (၁)နှစ်၊ နှစ်တို (၃)နှစ်၊ နှစ်ရှည် (၅)နှစ်၊
(ဃ) **ချေးငွေလျှောက်ထား ရယူနိုင်သူများ** - တောင်သူလယ်သမားများ၊ လယ်ယာကုန်ထုတ်လုပ်ငန်းရှင်များ၊
(င) **ထုတ်ချေးနိုင်သည့် လယ်ယာသုံး စက်ကိရိယာများ** လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ ရေစုပ်/ ရေတင်စက်၊ ဆိုလာရေတင်စက်၊ မျိုးစေ့ချစက်၊ လယ်ထွန်စက်အသေး၊ ရိတ်ခြွေစက်အသေး၊ ပဲခွဲစက်၊ ကောက်စိုက်စက်၊ အခြောက်ခံစက် (Dryer)၊ သိုလှောင်ရုံ(Silo)၊ ဆန်စက် အစရှိသည့် စက်ကိရိယာများ၊
(စ) **အာမခံရယူမှု** - လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မြေ၊ ဘိုးဘပိုင်မြေ၊ ဂရန်မြေ၊ (လန-၃၉)မြေနှင့် ယင်းမြေပေါ်တွင် တည်ရှိသည့် အဆောက်အဦများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးယာဉ်များ၊ အခြားပုံသေရပိုင်ခွင့်များ [အာမခံလုံလောက်ပါက စက်ကိရိယာ (၁)မျိုးထက်ပို၍ ဝယ်ယူနိုင်ပါသည်]၊
(ဆ) **ဦးစားပေးမှု** - တောင်သူလယ်သမားများ၊ သမဝါယမအသင်းဝင်များ၊
(ဇ) **စတင်ထုတ်ချေးမည့် ကာလ** - ၂၀၁၆ ခုနှစ်၊ မေလမှ စတင်ထုတ်ချေးမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း(Agro-based Industry) တည်ဆောက်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးသည့် စိုက်ပျိုးရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သက်ဆိုင်ရာ ခရိုင်/ မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံးဆက်သွယ်ကြပါရန် လေးစားစွာဖြင့် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ပေါင်းလောင်းရေလှောင်တမံ ကြံ့ခိုင်မှု၊ စီးဝင်ရေပမာဏနှင့် ဝင်ရေသိုလှောင်ထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံ၏ ကြံ့ခိုင်မှု၊ စီးဝင်ရေပမာဏနှင့် ဝင်ရေသိုလှောင်ထားရှိမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရာဂီမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရေပိုလွှဲပထမအဆင့်၏ အောက်ဘက်ပိုင်း အပိုင်း(၁)၊ အထက်ဘက်ပိုင်း အပိုင်း(၂) ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုနှင့် ပေါင်းလောင်းရေလွှဲဆည်၏ လက်ဝဲဘက် သဲထုတ်ရေတံခါး၏ မြေထိန်းနံရံ၊ မြောင်းထိပ်ရေတံခါး၊ ရေခွဲနံရံများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေလွှဲဆည်ရေရှည်ခိုင်ခံ့ရေးအတွက် စီမံဆောင်ရွက်သင့်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပေါင်းလောင်းဆည်ရေသောက်ဧရိယာအတွင်းရှိ နွေစပါးနှင့် နွေသီးနှံစိုက်ကွင်းများသို့ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေကို အလေအလွင့်မရှိ စနစ်တကျပေးဝေရန်နှင့် လျာထားစိုက်ဧကပြည့်မီအောင်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရာသီဥတုအညွှန်းကိန်း အခြေပြု သီးနှံအာမခံလုပ်ငန်း ဆောင်ရွက်မည်

**ရန်ကုန် မေ ၈**

မြန်မာ့အာမခံလုပ်ငန်းက ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၂ ခုတွင် မိုးရာသီ စိုက်ပျိုးစရိတ်စတင်ထုတ်ချေးမည့် ယခုနှစ် မေလမှစ၍ ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာပြည်အထက်ပိုင်းဒေသများတွင် သတ်မှတ်မိုးရေချိန်အောက် လျော့နည်းရွာသွန်းခြင်းနှင့် မြန်မာပြည်အောက်ပိုင်းဒေသများတွင် သတ်မှတ်မိုးရေချိန်ထက် ကျော်လွန်ရွာသွန်းခဲ့ပါက သီးနှံအာမခံလျော်ကြေးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။

**မျိုးမင်းသူရ**



## မကွေးတိုင်းဒေသကြီးအတွင်း အရှည်အသွေးမြင့် ဝါသီးနှံတိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းသည် ဝါစက်လုပ်ငန်းရှင်များ၊ ဝါစိုက်တောင်သူများနှင့် ယမန်နေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် လက်ရှိချည်မျှင်ရှည်ဝါစိုက်ဧက၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းမှ ချည်မျှင်ရှည်ဝါမျိုးကောင်းများ စိုက်ပျိုး၍ ၂၀ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းသည့် ချည်မျှင်အလွန်ရှည်သော ဝါမျိုးများ(ELS) စိုက်ပျိုးသွားရန် ဝါစိုက်ပျိုးရာတွင် အရည်အသွေးနှင့် အထွက်နှုန်းကောင်းရရှိရန် စိုက်ပျိုးနည်းစနစ် ရလဒ်ကောင်းများ ဖော်ထုတ်ရရှိပြီးဖြစ်၍ နည်းပညာ ပြန့်ပွားအောင် လုပ်ဆောင်ရန် ဆွေးနွေးမှာကြားကာ တောင်သူများအား ဝါမျိုးစေ့များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံများအားလုံး နှစ်အလိုက် ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရန်နှင့် စိုက်ဧကနှင့် အထွက်နှုန်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်တိကျမှုရှိစေရန် ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန လက်အောက်ရှိ ဒေသသုတေသနဗဟိုဌာန (မကွေး)၌ ဆောင်ရွက်လျက်ရှိသည့် သီးနှံမျိုးစေ့များအား Low Pressure Cold Radio Frequency Discharge Plasma (LPCRFDP) စက်ဖြင့် စီရင်ပေးပြီး အကျိုးသက်ရောက်မှုလေ့လာခြင်း စမ်းသပ်ဆောင်ရွက်မည့် အစီအစဉ်နှင့် အဆိုပါစက်ဖြင့် သီးနှံမျိုးစေ့များ စီရင်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့အကျိုးထမ်းရွက်ကြသူ ထာဝရ တစ်သက်တာ လူရည်ချွန်ကြီးများ

**"ကိုယ်၊ စိတ်၊ ပညာ" သုံးပါးစလုံးတွင် အများထက် ထူးကဲသာလွန်သော အရည်အသွေးရှိပြီး အများအကျိုးကို ဆောင်ရွက်ကြသူများအား လူရည်ချွန်ဟု သတ်မှတ်ကြသည်။ ပညာရေးထူးချွန်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု၊ အသိပညာကြွယ်ဝမှု၊ ဖြတ်ထိုးဉာဏ်ရင့်သန်မှု အပါအဝင် ဘက်စုံထူးချွန်သူများလည်းဖြစ်သည်။**

ကေကေ

ကောက်ရိုးမီးကဲ့သို့ ကြိုးစားမှုဖြင့် လူရည်ချွန်မဖြစ်နိုင်ပါ။ ငယ်စဉ်ကတည်းက စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခြင်းမှ လူရည်ချွန်များအဖြစ် တွေ့မြင်ရခြင်းဖြစ်သည်။ ထိုကဲ့သို့ ဘက်စုံထူးချွန်သည့် အရည်အသွေးများကိုရရှိအောင် ကြိုးစားကျော်ဖြတ်လာကြသည့် လူရည်ချွန်များသည် ဘဝတစ်လျှောက်လုံးတွင်လည်း မိမိတို့၏အရည်အသွေးများဖြင့် နိုင်ငံနှင့် အများပြည်သူအကျိုးကို ထမ်းဆောင်နိုင်ကြသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာကြသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒ အမှာစကား ပြောကြားရာတွင် လူရည်ချွန်ဖြစ်ခဲ့သူသည် တစ်သက်တာ လူရည်ချွန်ပင်ဖြစ်သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။



ပြည်သူ့ရှေ့ဆောင်လူရည်ချွန်ကြီး လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်းလူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲကို မေ ၆ ရက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Royal President Hotel ၌ ကျင်းပစဉ်။

**နိုင်ငံ့အနာဂတ်အတွက် ကြိုတင်ပြုစုပျိုးထောင်**

လူငယ်လူရည်ချွန်များအဖြစ် မွေးဖွားခဲ့သည့် သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်သည့်အခါ ပညာထူးချွန်ရုံသာမက ဘက်စုံတော်သည့် ကျောင်းသား ကျောင်းသူများကို ပြုစုပျိုးထောင်ပေးရန်ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ်တွင် စတင်ပေါ်ပေါက်လာခဲ့သည့် သမိုင်းဝင်စီမံကိန်းတစ်ခု။ လူရည်ချွန်စီမံကိန်းအဖြစ် နိုင်ငံတော်အစိုးရက ဘက်စုံပညာထူးချွန်ပြောင်မြောက်သော နိုင်ငံချစ်သားကောင်းသမီးမွန်များကို မွေးထုတ်ပေးသည်။ လူရည်ချွန်စီမံကိန်းသည် နိုင်ငံတော်အစိုးရက အများထက်သာလွန်ထူးချွန်သည့် နိုင်ငံချစ်သားကောင်း သမီးမွန်ကို ရွေးချယ်စုစည်းပြီး နိုင်ငံ့အနာဂတ်အတွက် ကြိုတင်ပြုစုပျိုးထောင်ခြင်းလည်းဖြစ်သည်။

**ကောက်ရိုးမီးကဲ့သို့ ကြိုးစားမှုဖြင့် လူရည်ချွန်မဖြစ်နိုင်ပါ။ ငယ်စဉ်ကတည်းက စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခြင်းမှ လူရည်ချွန်များအဖြစ် တွေ့မြင်ရခြင်းဖြစ်သည်။ ထိုကဲ့သို့ ဘက်စုံထူးချွန်သည့် အရည်အသွေးများကို ရရှိအောင် ကြိုးစားကျော်ဖြတ်လာကြသည့် လူရည်ချွန်များသည် ဘဝတစ်လျှောက်လုံးတွင်လည်း မိမိတို့၏အရည်အသွေးများဖြင့် နိုင်ငံနှင့် အများပြည်သူအကျိုးကို ထမ်းဆောင်နိုင်ကြသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာကြ**

၁၉၆၄ ခုနှစ်ကစတင်ခဲ့သည့် လူရည်ချွန်စီမံကိန်းတွင် ပါဝင်ခဲ့သော ကျောင်းသား ကျောင်းသူ လူငယ်များသည် မျက်မှောက်နိုင်ငံတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအဖြစ် နိုင်ငံ့တာဝန်ကို ဦးဆွေးဆံမြည့် ထမ်းရွက်လျက်ရှိကြသည်။

ထို့အတူ သွေးချင်းတိုင်းရင်းသားလူရည်ချွန်အရာထမ်းကြီးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များစွာတို့က နယ်ပယ်ကဏ္ဍစုံတွင် နိုင်ငံ့အကျိုးအတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလူရည်ချွန်ကြီးများသည် တစ်ချိန်က နိုင်ငံတော်က ပြုစုပျိုးထောင်ပေးခဲ့သည့် ကျောင်းသား ကျောင်းသူ လူငယ်များပင်။

**နိုင်ငံတော်အဆင့် တာဝန်ထမ်းဆောင်နေကြသော လူရည်ချွန်ကြီး ၁၂ ဦး**

မကြာမီကဖွဲ့စည်းခဲ့သည့် နိုင်ငံတော်အစိုးရသစ်တွင် နိုင်ငံတော်အဆင့် တာဝန်ထမ်းဆောင်နေကြသော လူရည်ချွန်ကြီး ၁၂ ဦး၏အကြောင်းကိုလည်း လှစ်ဟရေးသား၍ ဂုဏ်ပြုလိုပါသည်။

၁၉၆၉ ခုနှစ် (သတ္တမတန်း-စစ်တွေမြို့)၊ ၁၉၇၀ ပြည့်နှစ် (အဋ္ဌမတန်း-စစ်ကိုင်းမြို့) နှင့် ၁၉၇၁ ခုနှစ် (နဝမတန်း-မြောင်းမြမြို့) တို့တွင် သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည့် သုံးထပ်ကွမ်းလူရည်ချွန် **ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်**ဖြင့် အစပြုလိုပါသည်။ ယခုတိုင်အောင် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး ဆောင်ရွက်နေသည့်အပြင် ဥပဒေရေးရာ ဘက်စုံကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး တိုင်းရင်းသားများ၏စိတ်ဓာတ်နှင့် ယဉ်ကျေးမှုကိုပါ မြှင့်တင်ပေးနေသည့် စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ထို့ပြင် ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ဇာတိသွေး ဇာတိမာန်ကို ဖော်ကျူးသည့် တေးသီချင်းများစွာကို ရေးသားသီဆိုခဲ့သည့် အနုပညာရှင်တစ်ဦးလည်းဖြစ်သည်။ "ရိုးရာကမမ၊ ဝီးလို့ကျန်လိုက်မြို့ စစ်တွေ၊ နဝရူပဗျာလ" သီချင်းတို့သည် သူ၏ထင်ရှားသော အနုပညာလက်ရာမွန်များဖြစ်သည်။ ထို့အတူ အနုပညာကို ချစ်မြတ်နိုးပြီး ယနေ့အထိ ရခိုင်အနုပညာနှင့် စာပေကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တက်ကြွစွာ ပါဝင်ကူညီလျက်ရှိသည့် ချီးကျူးဖွယ် "လူရည်ချွန်" စိတ်ဓာတ်ရှိသူတစ်ဦးဖြစ်သည်။

ထပ်မံရေးသားဖော်ပြလိုသည့် လူရည်ချွန်ကြီးတစ်ဦးမှာ **ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း**ဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့ အခြေခံပညာအဆင့်မြင့်တန်းကျောင်းတွင် ဒသမတန်းလူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ တပ်မတော်တွင် ဒုတိယဗိုလ်ချုပ်ကြီးတာဝန်အဆင့်အထိ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် ဦးဆောင်ထမ်းရွက်ပြုနေသည့် ပြည်သူ့ရှေ့ဆောင် လူရည်ချွန်ကြီးဖြစ်ပါသည်။

ထို့အတူ ပြည်သူ့ရှေ့ဆောင် လူရည်ချွန်ကြီးတစ်ဦးဖြစ်သည့် **ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း**၏ နိုင်ငံအတွက်၊ ပြည်သူအတွက် ဆောင်ရွက်မှုများကိုလည်း ဖော်ပြလိုပါသည်။ ပညာရေးကဏ္ဍတွင် မန္တလေးတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် မိတ္ထီလာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လွှတ်တော်၌ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

**ပညာရေး (စာပေ) သာမက စည်းကမ်းနှင့် ကိုယ်ကျင့်တရားအပိုင်းတွင်ပါ စံပြဖြစ်အောင် ကြိုးစားခဲ့သူ**

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းသည် **"ဘက်စုံထူးချွန်ရမည်"** ဆိုသည့် စံနှုန်းအတိုင်း ပညာရေး (စာပေ) သာမက စည်းကမ်းနှင့် ကိုယ်ကျင့်တရားအပိုင်းတွင်ပါ စံပြဖြစ်အောင် ကြိုးစားခဲ့သူဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် မော်လမြိုင်ကောလိပ် ပထမနှစ်တွင် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ လက်ရှိတွင် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေပြီး လူရည်ချွန်ရွေးချယ်မှုများကို ပိုမိုစနစ်တကျဖြစ်စေရေး၊ ရွေးချယ်ခံရသည့် လူငယ်များအား နိုင်ငံတကာအဆင့်အထိ ထိတွေ့မှုရှိစေရေး တို့အတွက် မူဝါဒပိုင်းဆိုင်ရာများကို အဓိကပံ့ပိုးပေးလျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးတစ်ဦးဖြစ်သည်။

**"လူရည်ချွန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်၊ ဆရာဝန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်၊ မြန်မာ့သားကောင်းဇာနည် စစ်သားကြီးကို ကျွန်တော်မျှော်မှန်းသည်"** ဟူသည့် ကျွန်တော့်ရည်မှန်းချက် သီချင်းစာသားကဲ့သို့ လူရည်ချွန်၊ ဆရာဝန်၊ ပြည်ချစ်တပ်မတော်သားဖြစ်ခဲ့သူမှာ **ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း**ဖြစ်သည်။ ၁၉၇၃ ခုနှစ်၌ ဘားအံမြို့ အထက(၁) သတ္တမတန်းတွင် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ယခုအခါ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများအပါအဝင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လူရည်ချွန်ကြီး **ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်**သည် ယခင်က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီးအဖြစ် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည်။ ဘက်စုံထူးချွန်မှုရှိသည့် လူရည်ချွန်ကြီးတစ်ဦးဖြစ်သည်။ ၁၉၈၆ ခုနှစ်၌ ပဲခူးကောလိပ် ပထမနှစ်တွင် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအပြင် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကိစ္စရပ်များကို စေ့စေ့ငငှ လေ့လာခဲ့သူတစ်ဦးဖြစ်သည်။ ယခုအခါ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် နိုင်ငံတကာမျက်နှာစာနှင့် ထိတွေ့ဆက်ဆံသည့်တာဝန်ကို ထမ်းဆောင်နေသူဖြစ်သည်။

ထပ်မံ၍ ဖော်ပြလိုသည်မှာ ထူးချွန်လူရည်ချွန်ဖြစ်ခဲ့သည့် **ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို**၏ အကြောင်းပင်။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၁၉၈၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် အခြေခံပညာအလယ်တန်းတက်ရောက်စဉ် လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ သူသည် လူရည်ချွန်ကြီးတစ်ဦးဖြစ်သည့်အတွက် လူရည်ချွန်မောင်မယ်များ၏ စည်းလုံးညီညွတ်မှုကို တန်ဖိုးထားပြီး လူရည်ချွန်များ၏ လူမှုရေးရာကိစ္စရပ်များကို တက်ကြွစွာ ပါဝင်ကူညီလေ့ရှိသူဖြစ်သည်။ ယခုအခါ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးတာဝန်ဖြင့် တိုင်းရင်းသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးလုပ်ငန်းများကို ဦးစီးဦးရွက်ပြု ထမ်းဆောင်လျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် လူရည်ချွန်ကြီး ရခိုင်တိုင်းရင်းသားဖြစ်သူ ပြည်ထောင်စုဝန်ကြီးနှင့် လူရည်ချွန်ကြီး ရှမ်းတိုင်းရင်းသားဖြစ်သူ ဒုတိယဝန်ကြီးတို့၏ ဦးဆောင် တာဝန်ထမ်းဆောင်မှုကလည်း ထူးခြားမှုတစ်ခုဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ၏ ဆေးပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသည့် **ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း**သည်လည်း ထင်ရှားသည့် လူရည်ချွန်ကြီးတစ်ဦးဖြစ်သည်။ ၁၉၇၈-၁၉၇၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းတက်ရောက်စဉ် လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ **ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း**သည် ပြည်သူ့ကျန်းမာရေးကဏ္ဍအပေါ် အလေးထားကြိုးပမ်းပေးသူဖြစ်သည်။ ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုရေး၊ နိုင်ငံတကာဆေးပညာရှင်များနှင့်ပူးပေါင်း၍ ဆေးပညာဖလှယ်ရေးနှင့် ဆေးဝါးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ **စာမျက်နှာ ၁၁ သို့** ❐



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ လူရည်ချွန်များအား တွေ့ဆုံမှာကြား

**တောင်ကြီး မေ ၈**

လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ကလောခရိုင် ညောင်ရွှေမြို့နယ်ရှိ ဟူပင်ဟိုတယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-10 အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ လူရည်ချွန် မောင်မယ်များနှင့် တွေ့ဆုံ၍ လူငယ်ရေးရာ ကဏ္ဍရပ်များကို ပြောကြားသည်။

တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ၁၉၆၄ - ၁၉၈၈ ခုနှစ် လူရည်ချွန်ဥက္ကဋ္ဌ၊ လူရည်ချွန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူရည်ချွန် မောင်မယ်များနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ စခန်းအသီးသီးသို့ ပြန်လည်ရောက်ရှိသည့်အခါ ဒေသန္တရ ဗဟုသုတများကို လေ့လာမှတ်သား၍ အချင်းချင်း လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဖလှယ်ကြပြီး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန်၊ မိမိနေရပ်သို့ ပြန်ရောက်သည့် အခါတွင်လည်း နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ကြမည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လူရည်ချွန်မောင်မယ်များ သမိုင်းဝင်ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူဘုရားသို့ သွားရောက်လေ့လာလည်ပတ်

**ညောင်ရွှေ မေ ၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း၌ရောက်ရှိနေသော Grade-10 လူရည်ချွန်မောင်မယ် ၁၃၂ ဦးသည် ကြီးကြပ်ဆရာ ဆရာမများ၊ လူရည်ချွန်စခန်း တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ သွားရောက်လေ့လာလည်ပတ်ကြသည်။

ဦးစွာ လူရည်ချွန်မောင်မယ်များသည် အထင်ကရနေရာတစ်ခုဖြစ်သည့် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားကြီးအတွင်း ဝင်ရောက်လေ့လာကာ ဘုရားပရိဝုဏ်ရှိ ဈေးဆိုင်ခန်းများ၌ ဒေသရိုးရာ စားသောက်ကုန်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်မောင်မယ်များသည် သမိုင်းဝင် ပုန်းတလုတ် ရေကန်ကြီးတွင် လည်ပတ်ကြပြီး အထက(၁) ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**စိုင်းအယ်ဘဲ**





○ မြန်မာဖိုက်တာမှ

ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝတွင် စုစုပေါင်း ၁၈ ပွဲထိုးသတ်ရာ ၁၆ ပွဲနိုင် နှစ်ပွဲရှုံးနိမ့်ထားပြီး UFC နှင့် ၁၀ ပွဲထိုးသတ်ရာတွင် ကိုးပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။ ဂျိုရှုအာဗန်သည် UFC တွင် နောက်ဆုံးခြောက်ပွဲဆက်တိုက်အနိုင်ရပြီး ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။ ဂျိုရှုအာဗန်သည် ၂၀၂၃ ခုနှစ်တွင် နာမည်ကျော် တိုက်ခိုက်ရေးအဖွဲ့အစည်း UFC နှင့် စတင်လက်တွဲပြီးနောက် နှစ်နှစ်ကျော်ကာလအတွင်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။ ဂျိုရှုအာဗန်နှင့် ထိုးသတ်မည့် ဂျပန်ဖိုက်တာတက်ဆုရိုသည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝတွင် စုစုပေါင်း ၁၉ ပွဲထိုးသတ်ရာ ၁၈ ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ၁၆ ပွဲဆက်တိုက် အနိုင်ရခဲ့ဖူးသူဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-UFC**

**သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

❒ စာမျက်နှာ ၁၀ မှ

ဦးစီးဌာနများ၊ ဆေးရုံများနှင့် ဆေးတက္ကသိုလ်များ၏လုပ်ငန်းစဉ်များ ပိုမိုသွက်လက်မြန်ဆန်စေရေးတို့ကို ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် လူရည်ချွန်ကြီးတစ်ဦးအနေဖြင့် လူရည်ချွန်မောင်မယ်များ၏ လှုပ်ရှားမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီလျက်ရှိသည်။

ထို့အတူ **ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး**သည် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးချွန်လူရည်ချွန် အမျိုးသမီးတစ်ဦးဖြစ်သည်။ ၁၉၈၇ ခုနှစ်တွင် သန်လျင်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်းတွင် လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးတာဝန်ဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်နေသည့် “လူရည်ချွန်ပညာရှင်” တစ်ဦးဖြစ်သည်။

**နိုင်ငံနှင့် ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်**

ထို့ပြင် အမျိုးသမီး လူရည်ချွန်ကြီးတစ်ဦးအကြောင်းကို ထပ်မံတင်ပြလိုပါသည်။ လက်ရှိအစိုးရအဖွဲ့တွင် **ပြည်ထောင်စုအတိုင်ပင်ခံကောင်စီကောင်စီဝင်**အဖြစ် တာဝန်ထမ်းဆောင်နေသည်။ သူကား **ဒေါက်တာရင်ရင်နွယ်**။

**ဒေါက်တာရင်ရင်နွယ်**သည် ၁၉၆၈ ခုနှစ် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် စတုတ္ထနှစ်တွင် ရွေးချယ်ခံရသည့် လူရည်ချွန်ဖြစ်သည်။ ပြီးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင်

> ❝ “ယနေ့ လူငယ် နောင်ဝယ် လူကြီး” ဆိုသကဲ့သို့ တစ်ချိန်က နိုင်ငံတော်က ပြုစုပျိုးထောင်ပေးခဲ့သည့် လူရည်ချွန် လူရည်မွန်လူငယ်များသည် ယနေ့ နိုင်ငံ့တာဝန်များကို ဦးစီးထမ်းရွက်နေကြပြီဖြစ်သည်။ ထိုကဲ့သို့ပင် နိုင်ငံတော်က ယနေ့ပြုစုပျိုးထောင်ပေးလျက်ရှိသည့် လူရည်ချွန်ကျောင်းသားကျောင်းသူများသည် နောင်အခါ နိုင်ငံအတွက်၊ ပြည်သူအတွက် ရှေ့ဆောင်ထမ်းရွက်ကြမည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာကြမည် ❞

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်တွင် နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် UNICEF တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ နိုင်ငံ့ဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍစုံတွင် တက်ကြွစွာပါဝင်ပြီး နိုင်ငံနှင့် ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်တစ်ဦးဖြစ်သည်။ လူရည်ချွန်ကြီးများထဲမှ နိုင်ငံတော်အဆင့်တာဝန်များကို ယနေ့အထိ ထူးထူးချွန်ချွန် တာဝန်ထမ်းဆောင်နေဆဲ စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ထပ်မံ၍ဖော်ပြလိုသည့် အမျိုးသမီး လူရည်ချွန်ကြီးမှာ **ဒေါက်တာခင်ချစ်ချစ်** ဖြစ်သည်။ ဥပဒေပါမောက္ခ(ငြိမ်း) တစ်ဦးဖြစ်သည်။ နှစ်ထပ်ကွမ်းလူရည်ချွန်ကြီးဖြစ်သည်။ ၁၉၈၃ နှင့် ၁၉၈၄ ခုနှစ်တို့တွင် ရန်ကုန်တက္ကသိုလ် တတိယနှစ်နှင့် စတုတ္ထနှစ်လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံရသည်။ ဒေါက်တာခင်ချစ်ချစ်သည် ဥပဒေပညာသင်ကြားမှုတွင် အထူးကျွမ်းကျင်ထက်မြက်သူအဖြစ် ထင်ရှားပြီး လက်ရှိတွင် **ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်**အဖြစ် နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်းများတွင် လိုအပ်သော ဝန်ထမ်းများကို ရွေးချယ်ခြင်းနှင့် လေ့ကျင့်ခြင်း၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒလမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသည့် **ဦးခင်မောင်လတ်**နှင့် **ဒေါက်တာဖြူဖြူအိ**တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ခဲ့သည့် နိုင်ငံ့သားကောင်း လူရည်ချွန်ကြီးများပင်။ ၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀ နှင့် ၁၉၈၂ ခုနှစ်တို့တွင် လူရည်ချွန်ဖြစ်ခဲ့သည်မှာ **နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်**ဖြစ်သည်။ သူသည်လည်း တပ်မတော်အရာရှိ အငြိမ်းစားတစ်ဦးဖြစ်သည်။ လက်ရှိတွင် နိုင်ငံတော်အဆင့် စီမံခန့်ခွဲရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အလားတူ **မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာဖြူဖြူအိ**သည်လည်း ၁၉၇၇၊ ၁၉၇၈ နှင့် ၁၉၈၀ ပြည့်နှစ်တို့တွင် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ လက်ရှိတွင် နိုင်ငံတော်၏ ငွေကြေးမူဝါဒရေးရာ ကိစ္စရပ်များအတွက် စွမ်းစွမ်းတမံ ပါဝင်ထမ်းဆောင်လျက်ရှိသည့် လူရည်ချွန်ကြီးတစ်ဦးဖြစ်သည်။

**နိုင်ငံ့တာဝန်များကို ဦးစီးထမ်းရွက်နေကြပြီ**

“ယနေ့ လူငယ် နောင်ဝယ် လူကြီး” ဆိုသကဲ့သို့ တစ်ချိန်က နိုင်ငံတော်က ပြုစုပျိုးထောင်ပေးခဲ့သည့် လူရည်ချွန် လူရည်မွန်လူငယ်များသည် ယနေ့ နိုင်ငံ့တာဝန်များကို ဦးစီးထမ်းရွက်နေကြပြီဖြစ်သည်။ ထိုကဲ့သို့ပင် နိုင်ငံတော်က ယနေ့ပြုစုပျိုးထောင်ပေးလျက်ရှိသည့် လူရည်ချွန်ကျောင်းသားကျောင်းသူများသည် နောင်အခါ နိုင်ငံအတွက်၊ ပြည်သူအတွက် ရှေ့ဆောင်ထမ်းရွက်ကြမည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုတိုင် နိုင်ငံ့တာဝန်များကို ဦးဆွေးဆံမြည့် ပါဝင်ထမ်းရွက်လျက်ရှိသည့် တစ်သက်တာ သို့မဟုတ် ထာဝရလူရည်ချွန်ကြီးများကဲ့သို့ ယနေ့ လူရည်ချွန်မောင်မယ်များအားလုံးတို့ကလည်း နိုင်ငံတော်အကျိုးပြုလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရင်း နိုင်ငံနှင့်တိုင်းရင်းသားပြည်သူများက အားကိုးအားထားပြုရသူများဖြစ်လာရန် ကြိုးပမ်းသွားကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဒေသခံပြည်သူများအား ရောဝတီမြစ်ဆုံ-မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းဆွေးနွေး

မိုးညှင်း မေ ၈

ရောဝတီမြစ်ဆုံ-မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မိုးညှင်းနှင့် ဟိုပင်ဒေသတို့မှ ဒေသခံပြည်သူများအား ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မိုးညှင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ/ မြို့ဖများနှင့် မိုးညှင်းနှင့် ဟိုပင်ဒေသတို့မှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးနှင့် ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များက ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည့် နည်းပညာဆိုင်ရာ၊ ဘူမိဗေဒဆိုင်ရာတွေ့ရှိချက်များ၊ ရေအားလျှပ်စစ်စီမံကိန်းကြီးများရှိသည့် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ တိုးတက်မှုနှင့် အနာဂတ်အလားအလာများ၊ ကမ္ဘာပေါ်ရှိဆည်ကြီးများအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒေသခံပြည်သူများက ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ၊ စီမံကိန်းမှ အကျိုးခံစားခွင့်ရရှိမှုများ အပါအဝင် သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံကော်မတီအဖွဲ့ဝင်များက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ကျောင်းကုန်းမြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်

ကျောင်းကုန်း မေ ၈

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းကျေးရွာရှိ ရွှေဝါထွန်း(၁)စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသို့ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ပံ့ပိုးထားသည့် ထွန်စက်ဖြင့် အသင်းသား ဦးစိန်ဝင်း၏ လယ်မြေဧက သုံးဧက၌ ရက်(၁၀၀)စီမံချက်ဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီမြင့် ကွင်းဆင်းကြီးကြပ်ခဲ့ပြီး အသင်းသားတောင်သူအပြင် ပုဂ္ဂလိကများကိုပါ သက်သာသောဈေးနှုန်းဖြင့် မိုးစပါးစိုက်ပျိုးချိန်အမီ လယ်ယာဝန်ဆောင်မှု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)





# ရေးမြို့နယ်၌ ပင်လယ်ငါးဖမ်းလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

ရေး မေ ၈

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ရေလုပ်သားများအနေဖြင့် လက်တွေ့နယ်ပယ်၌ ပင်လယ်ပြင်တွင် ကြုံတွေ့ရမည့် အခက်အခဲများ၊ သဘာဝဘေးနှင့်ပတ်သက်သည့် အကြောင်းအရာများ ဖြေရှင်းနိုင်ရန်နှင့် လုပ်ငန်းခွင်အရည်အသွေး တိုးတက်လာစေရန်ရည်ရွယ်၍ ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ မျိုးသုဉ်းရှားပါးရေနေသတ္တဝါများ ထိန်းသိမ်းမှုဆိုင်ရာများ၊ အလုပ်ခန့်ထားမှုဆိုင်ရာ အလုပ်ရှင်/အလုပ်သမား သဘောတူစာချုပ် သိကောင်းစရာများ၊ ငါးဖမ်း/ငါးသယ် ရေယာဉ်များစစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများ၊ ဆိပ်ကမ်းနိုင်ငံများဆိုင်ရာ လိုက်နာရမည့် သဘောတူညီချက်များ၊ လူကုန်ကူးမှုတားဆီးရေးအသိပညာပေးခြင်းနှင့် ရှေးဦးသူနာပြုစုနည်းများကို သင်တန်းသား ၉၀ တို့အား ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

# ဆိပ်ဖြူမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး

ဆိပ်ဖြူ မေ ၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဒေသခံပြည်သူများ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ မြို့နယ်မီးသတ်တပ်ဖွဲ့က ယမန်နေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာရုံးများ၊ လူနေအိမ်များသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးမင်းမောင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများ၊ လူနေအိမ်များ၌ မီးလောင်မှု၊ မီးလန့်မှု မရှိစေရေး ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးသုံးစွဲနည်း အဆင့်ဆင့်ကို သရုပ်ပြကာ မီးဘေးအန္တရာယ်ကြုံတွေ့ပါက သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုမိုး



# ဇီးကုန်းမြို့နယ်၌ ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေး ထိုးနှံ

ဇီးကုန်း မေ ၈

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် မေ ၈ ရက်က နွားတဲကုန်းကျေးရွာအုပ်စု ပန်းတင်ကလေးကျေးရွာ၌ ကျွဲ၊ နွားမွေးမြူသူများအား မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ကျွဲ၊ နွား ဒေါင့်သန်းရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဇီးကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်မင်းဦးနှင့် ဝန်ထမ်းများက အဆိုပါကျေးရွာရှိ ဒေသနွားအကောင် ၈၀ အား ဒေါင့်သန်းရောဂါကာကွယ်ဆေးများ ထိုးနှံပေးပြီး မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျောက်တံတားမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ကျောက်တံတား မေ ၈

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကတ်မရှိသေးသူများအား လူမှုဝန်ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်တံတားမြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ဓမ္မရုံသီဓမ္မာရုံ၌ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာတွင် မြို့နယ်ဦးစီးမှူး ဦးအောင်သန်းလှိုင်နှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့်ပြီးသူများ၊ အသက်(၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်း၊ အသစ်လဲလှယ်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူပြီး UID ကတ်ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



❖ **ကျောဖုံးမှ**

ဒီနှစ်သင်းရဲ့ ဒုတိယအကျော့ပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းအတွက် သွင်းဂိုးတွေကို ဝက်ကင်ကတစ်ဂိုး၊ ဘူအန်ဒီယာကတစ်ဂိုးနဲ့ ဂျွန်မက်ဂင်ကနှစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဘူအန်ဒီယာကတော့ ယခုဘောလုံးရာသီမှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ သွင်းဂိုး ၁၀ ဂိုးရှိလာခဲ့တာဖြစ်ပါတယ်။

ယူရိုပါလိဂ်ဗိုလ်လုပွဲကို တက်လှမ်းခဲ့တဲ့ အက်စ်တွန်ဗီလာအသင်းအနေနဲ့ နှစ်ပေါင်း ၃၀ ကြာ ဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်မယ့်အခွင့်အရေးရရှိဖို့ မျှော်လင့်ချက်ရှင်သန်ခဲ့ပြီဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းဟာ ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်မှာ ဖရိုင်းဘတ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို မေ ၂၀ ရက်တွင် အစ္စတန်ဘူလ်မြို့၌ ကျင်းပသွားမှာဖြစ်ပါတယ်။

ငွေကြယ်

## သီရိလင်္ကာနှင့်ဗီယက်နမ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး



ကိုလံဘို မေ ၈

သီရိလင်္ကာနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ငါးခုကို ယနေ့ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သီရိလင်္ကာသမ္မတ အနုရ ကုမာရ ဒိသာနာယကနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်သမ္မတ တိုလမ်တို့က မြို့တော်ကိုလံဘိုရှိ သီရိလင်္ကာသမ္မတရုံး၌ ကျင်းပသည့် အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

နားလည်မှုစာချွန်လွှာများတွင် ရဲသင်တန်းများ၊ သိပ္ပံနည်းကျ သုတေသနပြုခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်သည်။


ခေါင်းဆောင်နှစ်ဦးက နှစ်နိုင်ငံဆက်ဆံရေးကို ကျယ်ကျယ်ပြန့်ပြန့် မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ အဆင့်မြှင့်တင်ခဲ့ကြကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ မြှင့်တင်ရန် နှစ်ဖက်စလုံးက အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံ ခေါင်းဆောင်များက ကတိပြုခဲ့ကြောင်း သိရသည်။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်ကို အကောင်အထည်ဖော်ရန်လည်း သဘောတူညီခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

## ဟန်တာဗိုင်းရပ်စ်ကူးစက်မှု အများပြည်သူကျန်းမာရေးအတွက် အန္တရာယ်မဖြစ်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ပြောကြား

ကုလသမဂ္ဂ မေ ၈



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်စ်က ဟန်တာဗိုင်းရပ်စ်ကူးစက်ခံရသော အပျော်စီးသင်္ဘောနှင့် ဆက်စပ်၍ ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ပိုများလာနိုင်ကြောင်း ပြောကြားသော်လည်း အများပြည်သူကျန်းမာရေးအတွက် အန္တရာယ်မဖြစ်နိုင်ကြောင်း ယနေ့ ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက အပျော်စီးသင်္ဘော ဗိုင်းရပ်စ်ကူးစက်မှုဖြစ်စဉ်သည် အလွန်ဆိုးရွားသောဖြစ်ရပ်တစ်ခုဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

သင်္ဘောနှင့် ဆက်စပ်နေသည့် နောက်ထပ် ဗိုင်းရပ်စ်ကူးစက်ခံရသူနှစ်ဦးကို အတည်ပြုခဲ့ပြီး သံသယရှိသူ သုံးဦးအပါအဝင် စုစုပေါင်း ရှစ်ဦးအထိ တိုးလာကြောင်းနှင့် သုံးဦးသေဆုံးခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဟန်တာဗိုင်းရပ်စ်ပိုးသည် ရောဂါပိုးရှိသည့် ကြွက်များမှထွက်ရှိသော ဆီး၊ အစက်များ သို့မဟုတ် တံတွေးတို့မှ ကူးစက်စေကြောင်း သိရသည်။

ဖျားနာသူအများအပြားကို စမ်းသပ်စစ်ဆေးရာတွင် Andes ဗိုင်းရပ်စ်ပိုးရှိနေကြောင်း အတည်ပြုခဲ့ပြီး ယင်းဗိုင်းရပ်စ်သည် ယခင်က တောင်အမေရိကရှိ လူသားများကြားတွင် ပျံ့နှံ့ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ Andes ဗိုင်းရပ်စ်ပိုးသည် ဟန်တာဗိုင်းရပ်စ်အမျိုးအစားတစ်ခုဖြစ်သည်။

Andes ဗိုင်းရပ်စ် ပေါက်ပွားသည့်ကာလသည် ရက်သတ္တခြောက်ပတ်အထိ ကြာမြင့်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက ပြောကြားခဲ့သည်။

လက်ရှိကူးစက်မှုအခြေအနေသည် သင်္ဘောပေါ်တွင် ဖြစ်ပွားသည့်အတွက် ထိန်းချုပ်နိုင်ပြီး ကိုဗစ်–၁၉ ကဲ့သို့ ကပ်ရောဂါကူးစက်မှု မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကူးစက်ရောဂါနှင့် ကူးစက်ရောဂါစီမံခန့်ခွဲမှုဒါရိုက်တာ မာရီယာ ဗန်ကာခိုဗီက ပြောကြားခဲ့သည်။

အဆိုပါ အပျော်စီးသင်္ဘောသည် လက်ရှိတွင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ရွက်လွှင့်လျက်ရှိသည်။ စပိန်နိုင်ငံ၏ ကာနေရီကျွန်းစုများအနက် တစ်ခုဖြစ်သည့် တီနီရီဖီကျွန်းသို့ မေ ၁၀ ရက်တွင် ရောက်ရှိနိုင်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်တစ်ဦးအပါအဝင် နယ်သာလန်မှ ဆရာဝန်နှစ်ဦးနှင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ ဥရောပစင်တာမှ ပညာရှင်တစ်ဦးတို့က ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ရန် အဆိုပါ အပျော်စီးသင်္ဘောသို့ သွားရောက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

သင်္ဘောပေါ်၌ လိုက်ပါစီးနင်းသူတိုင်းကို ဆေးဘက်ဆိုင်ရာ စစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်နေပြီး ၎င်းတို့၏ ကူးစက်နိုင်ခြေကို အကဲဖြတ်ရန် အချက်အလက်များ စုဆောင်းနေကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## ယူဂန္ဒာနိုင်ငံ မြို့တော် ကန်ပါလာ၌ ပြည်တွင်းထုတ် လျှပ်စစ်ကားများပြေးဆွဲ

ကန်ပါလာ မေ ၈

ယူဂန္ဒာနိုင်ငံမြို့တော် ကန်ပါလာ၌ သန့်ရှင်းသည့် မြို့ပြသယ်ယူပို့ဆောင်ရေးကို ရှေးရှုသည့်အနေဖြင့် ပြည်တွင်းထုတ် လျှပ်စစ်ကားများကို မြို့တွင်း သယ်ယူပို့ဆောင်ရေးအတွက် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယခုဆောင်ရွက်ချက်သည် စဉ်ဆက်မပြတ်သည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ကာတန်ဘာ ဝါမာလာက ပြောကြားသည်။

ယခုဆောင်ရွက်သည့်အစီအစဉ်သည် သွားလာရေးစနစ်ကို ခေတ်မီစေရေး၊ ရပ်ကွက်လောင်စာများအပေါ် မှီခိုမှုလျှော့ချရေးနှင့် အလုပ်အကိုင်များ ဖန်တီးပေးပြီး စီးပွားရေးမြှင့်တင်ရန်ဆောင်ရွက်နေသည့် အစိုး၏ကတိကဝတ်ကို ပြသနေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား –ဆင်ဟွာ
ဘာသာပြန် –စိုးသူရ

## ၂၀၂၆ ခုနှစ် မေလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## လပွတ္တာမြို့နယ်၌ ပိုက်ဆံလျှော်မျိုးစေ့ ပေးအပ်

လပွတ္တာ မေ ၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးမြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အောက်ချောင်းကျေးရွာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် လပွတ္တာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဝင်းစိုးတို့က မိုးစပါးမြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ပေးအပ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ဆက်လက်ပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့အိတ်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့်တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ဟားခါး မေ ၈

ချင်းပြည်နယ် အစိုးရအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဟားခါးမြို့ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အတွင်းရှိ ကုမ္ပဏီများအနေဖြင့် အရည်အချင်းပြည့်မီစွာ လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အပြင် အရှေ့တောင်အာရှနိုင်ငံတကာအဆင့်မီ ကုမ္ပဏီများဖြစ်အောင် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေကြောင်းအရ မှန်ကန်မှုရှိရန်နှင့် ကျွမ်းကျင်မှုရှိရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ချင်းပြည်နယ်ဦးစီးမှူးက "ကုမ္ပဏီအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း"၊ "ကုမ္ပဏီကို ပိုင်ဆိုင်ခြင်းနှင့် စီမံခန့်ခွဲခြင်း" ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သက်တန့်ရောင်စီမံကိန်းဖြင့် နွေစပါးရိတ်သိမ်းမှု ကြည့်ရှုစစ်ဆေး

သာပေါင်း မေ ၈

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သမဝါယမဦးစီးဌာနက ရှင်ကြီးပျောက်ကျေးရွာ၌ နွေစပါးရိတ်သိမ်းမှုကို ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

သာပေါင်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာ(ဖြည့်စွက်)ရန်ပုံငွေဖြင့် သက်တန့်ရောင်စီမံကိန်းလုပ်ငန်းဆောင်ရွက်သော ရှင်ကြီးပျောက်ကျေးရွာ၌ ဇီယာထွန်း စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးမြင့်ဝင်း၏( GW–11 ) စပါးမျိုး သုံးဧက နွေစပါးရိတ်သိမ်းမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီရိဝင်းနှင့်ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တစ်ဧကအထွက်နှုန်း ၁၁၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)



## အင်္ဂပူမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကြဲပက်ပွဲပြုလုပ်



အင်္ဂပူ မေ ၈

မြေဆီလွှာ ပိုမိုကောင်းမွန်စေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာ တောင်သူ ဦးမြင့်စိုး၏ လယ်မြေငါးဧကတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ပွဲနှင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာနီမောင်က မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြောသည်။ ယင်းနောက် တာဝန်ရှိသူများက (ပိုက်ဆံလျှော်)မျိုးစေ့များကို တောင်သူများထံ ပေးအပ်ပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များအား စုပေါင်းကြဲပက်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

## မိုးနဲမြို့နယ်၌ မဲခေါင်-လန်ချန်းပူးပေါင်းအစီအစဉ်ဖြင့် ပဲပုပ်တိုးချဲ့စိုက်ပျိုးရေး ကွင်းသရုပ်ပြ

မိုးနဲ မေ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ မဲခေါင်-လန်ချန်းပူးပေါင်းအစီအစဉ်ဖြင့် ပဲပုပ်တိုးချဲ့ စိုက်ပျိုးရေးအတွက် အထွက်ကောင်းပဲပုပ်မျိုး (ရေဆင်း-၁၅) စိုက်ပျိုးထုတ်လုပ်မှု ကွင်းသရုပ်ပြခြင်းကို ယမန်နေ့နံနက် ၉ နာရီခွဲက နမ့်မော်ဆွမ့်ကျေးရွာ ကွင်းအမှတ် (၉၈) တောင်သူ ဦးစိုင်းသန်းထွန်း၏ လယ်မြေနေရာတွင် ဆောင်ရွက်သည်။



အဆိုပါစိုက်ခင်းအား စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း စီမံကိန်းအစီအစဉ်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများက အထွက်နှုန်းကောင်း ပဲပုပ်မျိုး (ရေဆင်း -၁၅)ပဲပုပ်စိုက်ခင်းအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

## ကြံခင်း၌ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

ကြံခင်း မေ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းထက်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်တို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက ဆွေးနွေးရမည့် ခေါင်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ယူနစ် ၈၄၊ ကျေးရွာ ၈၅ ရွာ၊ မြို့နယ်မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင် ၉၈ ဦးတို့က လုပ်ငန်းအားနည်း/အားသာချက်များ၊ လက်စွဲစာစောင် ပြင်ဆင်ထည့်သွင်းသင့်သည့် အချက်များကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

## သဘာဝမြေဩဇာနှင့် မြေပြုပြင်မြေဩဇာများ စနစ်တကျတွဲဖက်အသုံးပြုရေးဆိုင်ရာ ပညာပေး


နေပြည်တော် မေ ၈

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံကိန်းအစီအစဉ်အရ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေဩဇာနှင့် မြေပြုပြင်မြေဩဇာများ စနစ်တကျတွဲဖက်အသုံးပြုရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်မြို့နယ် ပေါင်းတလည်ရှေ့တန်းစခန်း၌ ကျင်းပသည်။


ဦးစွာ သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက အမှာစကားပြောကြားပြီး သကြားထွက်သီးနှံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ခင်ခင်ကြီးက ကြံခင်းများမှထွက်ရှိလာသည့် ကြံရွက်ခြောက်များကို မီးရှို့မည့်အစား ကြံရွက်ခြောက် သဘာဝမြေဆွေးပုံ ပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိလာသည့်အကျိုးသက်ရောက်မှုများ၊ သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြန်မာစူးတက်ကုမ္ပဏီမှ စိုက်ပျိုးရေးအကြံပေးပညာရှင် ဒေါ်ညိုညိုအောင်က နဝဒေးသကြားစက်မှထုတ်လုပ်သော သဘာဝမြေဆွေးများကို ကြံစိုက်ခင်းများအတွင်း ထည့်သွင်းအသုံးပြုခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ Dr. Farmer (ဖိုးတောင်သူ) မြေပြုပြင်ကုမ္ပဏီမှ တာဝန်ရှိသူများက သဘာဝမြေဩဇာနှင့် အနည်းလို အာဟာရဓာတ်များ၏အရေးပါမှုကို ဆွေးနွေးကြရာ တက်ရောက်လာသည့် ကြံစိုက်တောင်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။



သတင်းစဉ်




ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြမြေပုံ။




ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား ဖမ်းဆီးရမိသည့်နေရာပြမြေပုံ။

# ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်နှင့် ကျိုင်းတောင်းမြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၆၈၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၃ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ငါးဦး စုစုပေါင်း ၁၈ ဦးတို့အား အလျားပေ ၁၂၀ အနံပေ ၃၀ ရှိ လူနေတဲ နှစ်လုံး၊ အလျားပေ ၁၂၀ အနံပေ ၃၀ ရှိ လုပ်ငန်းသုံးတဲ တစ်လုံး၊ အလျားပေ ၈၀ အနံပေ ၃၀ ရှိ မီးဖိုဆောင် တစ်လုံး၊ All In One နှစ်လုံး၊ မီးစက်အလတ် တစ်လုံး၊ ပါဝါစတေရှင်(အကြီး) နှစ်လုံးနှင့် ဖျက်ဆီးထားသည့် ဖုန်းမျိုးစုံအလုံး ၉၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၆၀၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးတို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ကျိုင်းတောင်းမြို့၏တောင်ဘက် မီတာ ၁၂၀၀၀ ခန့်အကွာ မိုင်းပန်-ကျိုင်းတောင်းသွား ကားလမ်းအနီး၌ တရားမဝင် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတာကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိ တရုတ်နိုင်ငံသား အမျိုးသား ၂၅ ဦးကို တွေ့ရစဉ်။




လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိ မြန်မာနိုင်ငံသား အမျိုးသမီး ငါးဦးကို တွေ့ရစဉ်။



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သော သိမ်းဆည်းရမိ ဖျက်ဆီးထားသည့် ဖုန်းမျိုးစုံအလုံး ၉၀ ၏ မှတ်တမ်းဓာတ်ပုံ။







လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သော သိမ်းဆည်းရမိသည့် လူနေတဲ၊ လုပ်ငန်းသုံးတဲနှင့် မီးစက်(အလတ်) တစ်လုံးတို့၏ မှတ်တမ်းဓာတ်ပုံ။

# မြိတ်မြို့ မြိတ်သင်တန်းစခန်းရှိအခြေခံလေကြောင်းလူငယ်သင်တန်း လေ့ကျင့်သင်ကြားနေမှုများ ကြည့်ရှုအားပေး



နေပြည်တော် မေ ၈

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အခြေခံလေကြောင်းဆိုင်ရာ ပညာရပ်များကို စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် လေယာဉ်ပျံသန်းမှုဆိုင်ရာ ပညာရပ်များကို နားလည်သိရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန်တို့အတွက် ရည်ရွယ်၍ အခြေခံလေကြောင်း လူငယ် သင်တန်း အမှတ်စဉ်(၁၀) သင်တန်းကို ဧပြီ ၂၇ ရက်မှစတင်၍ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်း၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းစခန်းသို့ ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်တို့ သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ သင်တန်းသား သင်တန်းသူများနှင့် သင်တန်းနည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိတ္ထီလာခရိုင်၌ ရက်(၁၀၀)စီမံချက်ဖြင့် ဌာနဆိုင်ရာများ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



မိတ္ထီလာ မေ ၈

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာခရိုင်၌ နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၅ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက ရက်(၁၀၀) စီမံချက်တွင်ပါဝင်သည့် ကျေးရွာမြေပုံဇယား ထုတ်ပေးရေးလုပ်ငန်း အပါအဝင် ဌာနဆိုင်ရာများ၏ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရေး အတွက် သက်ဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှန်ကန်မြန်ဆန်စွာဖြင့် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် မိမိတို့ဌာနများ၏ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

# (၈-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၇ ~ ၃၆၆၈ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၉၅၀,၆၉၂.၉၄ | ၇,၄၆၅,၄၆၀.၀၀ | ၁၆,၇၄၈,၂၂၁.၇၃ | ၁၄၂,၁၀၀.၇၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါး ကုန်ကြမ်းပစ္စည်းများ၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ၊ ဂျုံ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန် ဒေါ်လာ သုည ဒသမ ၃၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၅-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၀၀ | ၄၆၉၀ | ၄၆၃၀ | ၄၅၂၀ | ၄၆၉၀ | ၄၇၀၅ | ၄၇၅၅ | ၄၆၀၀ | ၄၇၅၅ | ၅၀၇၀ | ၄၆၂၀ | ၄၈၁၅ | ၄၇၂၅ | ၄၆၈၀ | ၄၆၈၀ | ၄၈၉၀ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၈၅ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၅၀၅၀ | ၅၂၃၀ | ၅၁၇၀ | ၅၀၆၅ | ၅၂၃၀ | ၅၂၄၀ | ၅၂၉၀ | ၅၁၄၅ | - | ၅၅၉၅ | ၅၁၆၅ | ၅၆၁၅ | ၅၂၆၅ | ၅၂၂၀ | ၅၂၂၀ | ၅၄၂၀ |
| HSD (50 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | ၆၃၂၀ | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၉၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |
| HSD (10 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၉၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၆၉ | ၄၃၀၀ |
| 95 Ron | ၄၄၁၃ | ၄၅၃၅ |
| HSD (500 ppm) | ၄၈၁၅ | ၄၉၄၀ |
| HSD (50 ppm) | ၅၇၀၉ | ၅၉၁၄ |
| HSD (10 ppm) | ၅၇၀၉ | ၅၉၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေးသင်တန်းဖွင့်လှစ်

ဟင်္သာတ မေ ၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ကုန်းကြီးအုပ်စု၊ နတ်မော်လမ်းရှိ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ရက်(၁၀၀)စီမံချက်ဖြင့် မေ ၅ ရက်က ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေးသင်တန်းဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်သူမျိုးနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာယုနန္ဒာအောင်တို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား ၂၀ အား နှစ်ရက်ကြာ စာတွေ့ လက်တွေ့ ပို့ချခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# နေရပ်ပြန်ပြည်သူများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်



ဖယ်ခုံ မေ ၈

နေရပ်ပြန်ပြည်သူများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကလောခရိုင် ဖယ်ခုံမြို့နယ် မိုးဗြဲဘေးမဲ့ဘုန်းကြီးကျောင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်တာဝန်ရှိသူများက နေရပ်ပြန်ပြည်သူများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ ပုံစံ(၆၆/၆) အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်များကို ပေးအပ်ကြသည်။

ဆက်လက်၍ ဖယ်ခုံမြို့ မြို့နယ်ခန်းမ၌ နေရပ်ပြန်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ပေးအပ်ကြပြီး ဖယ်ခုံပြည်သူ့ဆေးရုံ၊ ဖယ်ခုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဆောင်းပြောင်း ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



## မကွေးမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံ

မကွေး မေ ၈

မကွေးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တွေ့ဆုံမိတ်ဆက်ပွဲအခမ်းအနားကို မေ ၆ ရက်က မကွေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့တွေ့ဆုံရာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် တင်ပြလိုသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်များက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## မြောင်းမြမြို့နယ်၌ တောင်သူများနှင့် စိုက်ပျိုးရေးနည်းပညာဆွေးနွေး



မြောင်းမြ မေ ၈

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက တောင်သူများအား ဓာတ်မြေသြဇာနှင့် တွဲဖက်၍ သဘာဝ မြေသြဇာများ အချိုးကျသုံးစွဲရေး စိုက်ပျိုးရေးနည်းပညာနှင့် အခက်အခဲများ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျုံဝါးကျေးရွာ ငါးမိုင်စိုက်ပျိုးရေးပညာပေးစင်တာ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး မြေအသုံးချရေး တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးထင်ကျော်ဦးက ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရာသီ မြေယာစတင်ပြုပြင်ချိန်မှ အပင်သက်တမ်း တစ်လျှောက် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ကျွေးမွေးခြင်းဖြင့် ထုတ်လုပ်ကုန်ကျစရိတ် လျှော့ချနိုင်ခြင်းအကြောင်း ဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာခင်လှဲ့ဦးက စပါးခွံဘိုင်အိုချာထုတ်လုပ်ခြင်း၊ ကောက်ရိုးမြေဆွေးပြုလုပ်ခြင်းနှင့် တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်ညိမ်းညိမ်းတိုးက မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာနှင့် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းခဲ့ကြရာ မြို့နယ်အတွင်းရှိ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ ရှုပါ(ပြန်/ဆက်)

## ကျွဲ၊ နွားများအား တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

ကော့ကရိတ် မေ ၈

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရက်(၁၀၀)စီမံချက်ဖြင့် ယနေ့နံနက်ပိုင်းက ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်အတွင်းရှိ နွားမွေးမြူရေးခြံများ၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးလျက်ရှိသည်။



### ဖြန့်ဝေပေးအပ်ခဲ့

အဆိုပါ ကာကွယ်ဆေးများထိုးနှံရာသို့ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကြည့်ရှုပူးပေါင်းဆောင်ရွက်ပေးခဲ့ပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒေါက်တာကျော်လွင်နှင့် ဝန်ထမ်းများက ဒေသနွားနှင့် နို့စားနွား ၅၀ ကို ကျွဲ၊ နွားလည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူထားသောဒေသကြက်များအား ကြက်လည်လိမ်ရောဂါကာကွယ်ဆေး မျက်စဉ်းခတ်ပေးခြင်း၊ နွားမွေးမြူရေးခြံပိုင်ရှင်များအား Retech ခြံဖျန်း ပိုးသတ်ဆေးရည်များ အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ညောင်ဦးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေး ဓာတ်အားလိုင်းများ ကွင်းဆင်းစစ်ဆေး ပြုပြင်

ညောင်ဦး မေ ၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း လျှပ်စစ်သုံးစွဲသူပြည်သူများ လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေးအတွက် လျှပ်စစ်ဝန်ထမ်းများက ဓာတ်အားလိုင်းများ စစ်ဆေးပြုပြင်ခြင်းကို ယနေ့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ညောင်ဦးခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ၆၆ ကေဗွီ မြင်းခြံ-ညောင်ဦး ဓာတ်အားလိုင်းတစ်လျှောက် စစ်ဆေးကြပြီး လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဒီပါလင်း

## ရေကြည်မြို့နယ်၌ တိရစ္ဆာန်ကာကွယ်ဆေး ထိုးနှံပေး

ရေကြည် မေ ၈

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ရေကြည်မြို့နယ် ဒေါင့်မှန်ကုန်းကျေးရွာ၌ ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ဇာနည်အောင်တို့ ဦးဆောင်၍ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပူးပေါင်းကာ ကျွဲ၊ နွား စုစုပေါင်း ၁၂၀ အား ဒေါင့်သန်းရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေး

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို မေ ၈ ရက် နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ဆောင်ရွက်စဉ်။

အလင်းသစ်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့နယ်ရှိ အထင်ကရနေရာများသို့ လူရည်ချွန်မောင်မယ်များ သွားရောက်လေ့လာလည်ပတ်

ပြင်ဦးလွင် မေ ၈

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် လူရည်ချွန် စခန်းသို့ ရောက်ရှိနေသော Grade-9 လူရည်ချွန် ကျောင်းသား ကျောင်းသူ ၉၆ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦးတို့သည် ယနေ့နံနက် ၇ နာရီ မှစ၍ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အထင်ကရ ဘုရားစေတီများ၊ ထင်ရှားကျော်ကြားသည့် နေရာ များနှင့် အသေးစား၊ အလတ်စား MSME လုပ်ငန်းများသို့ လေ့လာ လည်ပတ်ရန် စတင်ထွက်ခွာခဲ့ ကြသည်။



ဦးစွာ ပြင်ဦးလွင်မြို့ရှိ မဟာ အံ့ထူးကံသာ ဆုတောင်းပြည့် ဘုရားကြီးအား သွားရောက်ဖူးမြော် ပြီး ထင်ရှားကျော်ကြားသည့် ရေတံခွန်တစ်ခု ဖြစ်သော ပွဲကောက်ရေတံခွန်(BE Fall)သို့ သွားရောက် လေ့လာလည်ပတ် ကာ ပျော်ရွှင်စွာ ကစားကြသည်။

**သွားရောက်လေ့လာ**

ထို့နောက် မွန်းလွဲပိုင်းတွင် ပွေးတောင် coffee park၊ ဒိုးကွင် ပိုးချည်စက်ရုံနှင့် ပိုးမွေးမြူရေး လုပ်ငန်း၊ Winner Wine လုပ်ငန်း သို့ သွားရောက်လေ့လာခဲ့ရာ လူရည်ချွန် မောင်မယ်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ရှင်းလင်းပေး သည်။ ညနေပိုင်းတွင် လူရည်ချွန် စခန်း၌ အမှတ်(၃) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ လာရောက် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ဘောလုံးသင်တန်းသားများအတွက် သင်ထောက်ကူပြုပစ္စည်းများ ပေးအပ်

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက Pilot Project အစီအစဉ်ဖြင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ Football For School Program အရ ဘောလုံးသင်တန်းဖွင့်လှစ်ထား ရှိမှုကို ယနေ့နံနက်ပိုင်းတွင် သင်တန်းဖွင့်လှစ်ထားရှိသည့် အထက(၁၂) သို့ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး လာရောက်ကြည့်ရှု သည်။

ထို့နောက် လူမှုရေးရာဝန်ကြီးသည် ဘောလုံးသင်တန်းတက်ရောက် နေကြသည့် သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားနှင့် အားပေးစကားပြောကြားကာ သင်တန်းသားများအတွက် သင်ထောက် ကူပြု အားကစားပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ မူခင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့နံနက်ပိုင်းက မှုခင်းအသိပညာပေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံဝင်းက အမှာစကားပြောကြားပြီး ဗဟန်းမြို့မရဲစခန်းမှူး ဒုတိယ ရဲမှူးနိုင်ငွေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလွင်တို့က မှုခင်း အသိပညာပေးဟောပြောပြီး ဗဟန်းမြို့နယ် အမှတ်(၄၅) ယာဉ်ထိန်း တပ်ဖွဲ့စုမှူးရုံး ဒုရဲမှူးချစ်မင်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



# စိတ်ဓာတ်အင်အားကြံ့ခိုင်စေရန် စိတ်ခွန်အားပေးခြင်း အသိပညာပေးဟောပြော

ရန်ကုန် မေ ၈

အစိုးရသစ်၏ ရက်(၁၀၀)ကာလအတွင်း လူငယ်ကဏ္ဍဖွံ့ဖြိုးရေး လှုပ်ရှားမှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တို့ ပူးပေါင်းကျင်းပသည့် စိတ်ဓာတ်အင်အားကြံ့ခိုင်စေရန် စိတ်ခွန်အားပေးခြင်း အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် အထူးကုဆရာဝန် ဒေါက်တာနွေးနွေးလှိုင်က အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ နည်းပြများနှင့် အားကစား သမားများအား စိတ်ခွန်အားဖြစ်စေမည့် နည်းလမ်းများ မျှဝေပေးခြင်း၊ စိတ်ဖိစီးမှုများဖြစ်စေနိုင်သော အကြောင်းအရာများနှင့် စိတ်ဖိစီးမှုကို လျော့ကျနိုင်သောနည်းလမ်းများ စသည်ဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ များနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**



# ပန်းတနော်မြို့နယ်၌ အခြေခံစားသောက်ကုန်များ ရောင်းချပေး

ပန်းတနော် မေ ၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ဒေသခံ ပြည်သူများ စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်း များဖြင့် လွယ်ကူစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဧပြီ ၇ ရက်က ဇရပ်လှကြီးကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုများထံသို့ အခြေခံ စားသောက်ကုန်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ရောင်းချ ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် ဇရပ်လှကြီးကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု စုစုပေါင်း ၁၆၇၉ စုအတွက် အဓိကလိုအပ်သော အခြေခံ စားသောက်ကုန်များကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် စားသုံးဆီကိုယ်စားလှယ်များပူးပေါင်းကာ သွားရောက်ရောင်းချပေးခဲ့ ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကြို့ပင်ကောက်မြို့နယ်၌ ကျွဲ/နွားများအား ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

ကြို့ပင်ကောက် မေ ၈

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဝန်ထမ်းများက ရက် ၁၀၀ စီမံချက်အဖြစ် ကျွန်းကုန်းကြီးကျေးရွာအုပ်စု ကျွန်းကုန်းကြီးကျေးရွာတွင် အခြေခံ မွေးမြူရေးဟောပြောပွဲနှင့် ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းကို ယနေ့မွန်းလွဲပိုင်းတွင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့အထိ နွားကောင်ရေ ၃၀၀ ကို ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေး၊ ဒေါင့်သန်းရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး ရက်(၁၀၀)စီမံချက်ကာလအတွင်း ဟောပြောပွဲများ၊ ကျေးရွာများ အရောက် အသိပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်း စေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက် များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရ သည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ဝါးခယ်မမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

ဝါးခယ်မ မေ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနတွင် အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် အသက်မွေး ဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်က ပြုလုပ်သည်။

ဦးစွာ မြောင်းမြခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အမှာစကား ပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်း အောင်က သင်တန်းဖွင့်လှစ်ရခြင်း နှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ အား စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

■

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေနေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါ စနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၁၁-၅-၂၀၂၆ (တနင်္လာနေ့) |
| တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - ၂၅-၅-၂၀၂၆ (တနင်္လာနေ့) |
| တဒါ Deposit နောက်ဆုံး တင်သွင်းရမည့်ရက် | - ၂၅-၅-၂၀၂၆ (တနင်္လာနေ့) |
| တင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက် | - ၂၆-၅-၂၀၂၆ (အင်္ဂါနေ့) |
| လုပ်ငန်းတင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာနှင့် လျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဥတ္တရခရိုင်/ လယ်ဝေးခရိုင်၊ နေပြည်တော် |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၁၁-၅-၂၀၂၆ရက်မှ ၂၅-၅-၂၀၂၆ ရက်နေ့ အထိ ရုံးချိန်အတွင်း လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လယ်ဝေးခရိုင်/ဥတ္တရခရိုင်၊ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၂၆၀၀၂၅၇၇၅
၀၉-၇၉၇၇၁၄၇၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၇)၊ မြေကွက်အမှတ်(၁၀၇၇)၊ မြေကွက်တည်နေရာအမှတ်(၁၀၇၇)၊ မဟူရာလမ်း၊ (၅၇)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးဒါဝတ်စုလေမန်ဘိုင်မြား [၁၂/ပဘတ(နိုင်)၀၂၅၇၄၄]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးဒါဝတ်စုလေမန်ဘိုင်မြားအား တရားပြိုင်ထားကာ မင်္ဂလာဒုံမြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၉၆/၂၀၂၅ခုနှစ်တွင် ၁။ ဒေါ်ခင်ခင်ဝင်း ၂။ ဒေါ်နုနုခင်တို့မှ တရားလိုများပြုလုပ်၍ တရားပြိုင် ဦးဒါဝတ်စုလေမန်ဘိုင်မြားပေါ် "ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"ဖြင့် တရားစွဲဆိုခဲ့ရာ (၂၆-၁-၂၀၂၆)ရက်စွဲပါ စီရင်ချက်အား အနိုင်ဒီကရီချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ်-၂၁/၂၀၂၆၏ နေ့စဉ်မှတ်တမ်းနှင့် (၂၀-၂-၂၀၂၆)ရက်စွဲပါ ဘီလစ်ခန့်အပ်ရန်ချမှတ်သည့် ထုံးပုံကျအပြီးသတ်အမိန့်၊ မင်္ဂလာဒုံမြို့နယ်တရားရုံး (၂၀-၂-၂၀၂၆)ရက်စွဲပါ စာအမှတ်၊ ၁၃၈/၅-၁/၂၀၂၆၏ ဘီလစ်ခန့်စာ၊ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နုနုလှိုင် [၁၂/ဥကမ(နိုင်)၀၀၄၉၃၄]မှ နှစ်(၆၀)မြေငှားစာချုပ် မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်ပျဉ်ကာသွပ်မိုးအိမ်(၁)လုံးနှင့် ဒေါ်ခင်ခင်ဝင်း မိသားစု နေထိုင်ပြီး (၂)ထပ်အုတ်ညှပ်အိမ်(၁)လုံးနှင့် ဒေါ်နုနုခင် မိသားစု နေထိုင်ပြီး ကွင်းဆင်းစဉ် ဒေါ်ခင်ခင်ဝင်းသည် ခရီးသွားနေပါသဖြင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးသိန်းလွင်မှ စောင့်ဆိုင်းပြသ၍ တရားနိုင် ဒေါ်နုနုခင်၊ တရားနိုင် ဒေါ်ခင်ခင်ဝင်း၏ ခင်ပွန်းဖြစ်သူတို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ်ဒေါ်နုနုလှိုင်၏ အရောင်းမြေပုံလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## (အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေပုဒ်မ -၂၉) မရမ်းကုန်းခရိုင်တရားရုံး ၂၀၂၆-ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၇

(အရွယ်မရောက်သေးသူ မဇွန်ပွင့်ဖြူ၊ မမေမြတ်နိုး၊ မောင်ဇွဲသီဟကိုတို့ ပိုင်ဆိုင်သောပစ္စည်းနှင့်စပ်လျဉ်းသောအမှု)

**ဒေါ်ကြည်ကြည်မာ** — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုမဓမ္မာ(၃)လမ်း၊ အမှတ်(၅၃)နေ ဒေါ်ကြည်ကြည်မာက အရွယ်မရောက်သေးသူ မဇွန်ပွင့်ဖြူ၊ မမေမြတ်နိုး၊ မောင်ဇွဲသီဟကိုတို့ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ)၊ မြေကွက်အမှတ်(၅၇၇)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်တည်ရှိရာ လိပ်စာ အမှတ်-၅၇၇၊ သိင်္ဂီလမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား စီမံခန့်ခွဲခွင့်အမိန့်ချမှတ်ပေးပါရန် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်း ခံရသူများအက်ဥပဒေ ပုဒ်မ-၂၉ အရ လျှောက်ထားသည်ဖြစ်၍ ဤအမှုကို ၂၀၂၆ခုနှစ်၊ မေလ(၁၉) ရက်(၁၃၈၈ခုနှစ် နယုန်လဆန်း ၄ ရက်) နံနက် ၁၀ နာရီတွင် ကြားနာရန်ချိန်းဆိုထားသည်ဖြစ်ရာ အရွယ်မရောက်သေးသူ မဇွန်ပွင့်ဖြူ၊ မမေမြတ်နိုး၊ မောင်ဇွဲသီဟကိုတို့ ပိုင်ဆိုင်သော ပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အထက်ပါချိန်းဆိုထားသောရက်နေ့တွင် မိမိကိုယ်တိုင်သော်လည်းကောင်း မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် ယင်းသို့ခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေ ပုဒ်မ -၂၉ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်ကြည်ကြည်မာ၏ လျှောက်လွှာအား ကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(နွယ်နီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ကယားပြည်နယ်သတ္တုတွင်းစီမံကိန်းရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ကယားပြည်နယ်သတ္တုတွင်းစီမံကိန်းရုံး၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ကယားပြည်နယ် သတ္တုတွင်းစီမံကိန်းရုံး၊ လွိုင်ကော်မြို့ ရုံးအဆောက်အဦတည်ဆောက်ခြင်း (၅၀'x၇၀'x၁၂') RC(၁)ထပ်၊ ရေမီးအပါကွန်ကရစ်လမ်း (၆၉၀'x၁၅') ခင်းခြင်းအပါအဝင်၊ ဝန်ထမ်းအိမ်ရာလုံးချင်း (၅)လုံး (၃၀'x၂၀'x၁၀') အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| (က) စတင်ရောင်းချမည့်ရက် | - ၁၁-၅-၂၀၂၆၊ (တနင်္လာနေ့) |
| ( ခ ) ရောင်းချမည့်နေရာ | - ကယားပြည်နယ်သတ္တုတွင်းစီမံကိန်းရုံး၊ လွိုင်ကော်မြို့ |
| ( ဂ ) အရောင်းပိတ်မည့်နေ့ရက် | - ၂၅-၅-၂၀၂၆၊ (တနင်္လာနေ့) |
| (ဃ) တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နေ့ရက်/ အချိန် | - ၂၇-၅-၂၀၂၆၊ (ဗုဒ္ဓဟူးနေ့) (၉:၃၀ မှ ၁၆:၃၀)နာရီထိ |
| ( င ) တင်ဒါဖွင့်ဖောက်စိစစ်မည့်နေ့ရက် | - ၂-၆-၂၀၂၆၊ (အင်္ဂါနေ့) |
| ( စ ) တင်ဒါဖွင့်ဖောက်စိစစ်မည့်နေရာ | - ဝန်ကြီးရုံးအစည်းအဝေးခန်းမ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လွိုင်ကော်မြို့ |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ကယားပြည်နယ်၊ သတ္တုတွင်းစီမံကိန်းရုံး ရုံးဖုန်းနံပါတ် ၀၉- ၆၉၁၀၅၆၄၄၀၊ ၀၉- ၄၂၈၀၀၄၃၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈) ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၃၂)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညီဝင်းအောင် (ဘ) ဦးမြင့်လှိုင် [၁၂/လသန(နိုင်)၀၂၁၅၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဦးညီဝင်းအောင်အား ယခုကြော်ငြာပါသည့်နေ့မှစ၍ Social Media Platform များတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ကိုင်ရာတွင် ဖြစ်စေ၊ နေထိုင်ရာနေရာတွင်ဖြစ်စေ၊ လူမှုရေးကိစ္စရပ်များတွင်ဖြစ်စေ၊ အများပြည်သူ အထင်အမြင်လွဲမှားစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် တစ်ဦးတစ်ယောက်ဖြစ်စေ အုပ်စုဖွဲ့၍ဖြစ်စေ တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မဟုတ်မမှန်စွပ်စွဲပြောဆိုခြင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ရေးသားဖော်ပြခြင်းများ အစရှိသည်တို့ မပြုလုပ်ကြရန် လွှဲအပ်ညွှန်ကြားချက်အရ တားမြစ်ပါသည်။ တားမြစ်ချက်အား ကျူးလွန်ပါက ကျူးလွန်သူ မည်သူ့ကိုမဆို တည်ဆဲ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နီလာဦး**
**LL.B, D.B.L, B.D.S (MOFA)(Dip in English), W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃)**
**အမှတ်-၁၁၀၆-ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၂၅၉၄၆၄၂၅၅**

## (၅-၅-၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာ ကြေညာစာမျက်နှာ ၂၅ ပါ တရားလွှတ်တော်ရှေ့နေ ဦးဝဏ္ဏဇော်မှ ဦးဖေသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရဆိုကာ သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာနှင့်စပ်လျဉ်း၍ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးထိန်လင်းအောင် [၁၂/လမန(နိုင်) ၁၁၄၆၉၆]နှင့် ဒေါ်ဖြိုးသီတာငြိမ်း [၁၂/လမန(နိုင်)၁၂၆၅၈၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ပါသတင်းစာကြေညာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အများသိရှိစေရန် ပြန်လည်ရှင်းလင်းသိစေအပ်သည်မှာ

ကျွန်ုပ်မိတ်ဆွေများသည် မိဘကျေးဇူးအား နားလည်သိတတ်သည့်အရွယ်မှစ၍ ယနေ့အထိ ဖခင်ဖြစ်သူ ဦးဖေသိန်းနှင့် ကွယ်လွန်သူ မိခင်ဒေါ်ခင်ခင်သိန်းတို့အား ကိုယ်နှုတ်စိတ်တို့ဖြင့် ရိုင်းပျစွာဆောင်ရွက်ခြင်းမရှိသလို အမိအဖတို့၏ ဆိုဆုံးမမှုများအပေါ် နာခံလျက် ဖခင်အသက်(၈၅)ကျော်သည်အထိ သမီးငယ်ဖြစ်သူ ဒေါ်ဖြိုးသီတာငြိမ်းမှ ဖခင်၏ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်အား သားသမီးဝတ္တရားမပျက်ဆောင်ရွက်၍ အနီးကပ်အတူ ပြုစုစောင့်ရှောက်နေထိုင်၍လည်းကောင်း၊ သားလတ်ဖြစ်သူ ဦးထိန်လင်းအောင်သည်လည်း အရွယ်ရောက်သည့်အချိန်မှစ၍ မိခင်ဖခင်တို့နှင့်အတူ မိသားစု စီးပွားရေးလုပ်ငန်းများအား လက်ငုတ်လက်ရင်းမှ တိုးပွားအောင်မြင်လာသည်အထိ ဦးစီးဦးဆောင် ပြုကာ အကျိုးပြုခဲ့သူသားတစ်ဦးဖြစ်၍လည်းကောင်း အမွေခံသားဆိုးသမီးဆိုးများ မဟုတ်သည်ကို ဖခင်ကြီး ကိုယ်တိုင် သိရှိပါသည်။ ထို့ကြောင့် မိသားစုအကျိုးမလိုလားသူ သက်ဆိုင်သူများအနေဖြင့် သားအဖအကြား အထင်အမြင် လွဲမှားမှုများဖြစ်ပွားစေမည့်ကိစ္စရပ်များအား ဆက်လက်မပြုလုပ်ကြစေလိုကြောင်း သတိပေးအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေများအနေဖြင့် မိဘများအား အမှန်တကယ်ကိုယ်စိတ်ထိခိုက်နစ်နာစေရန် ပြုခဲ့မည်ဆိုပါကလည်း မိမိစေတနာနှင့်တန်သည့်အကျိုးပေးကို ရရှိမည်ဖြစ်ကြောင်း ဗုဒ္ဓဘာသာတရားတော်အရ ဧကန်ယုံကြည်ကြ၍ ဖခင်ကိုယ်စိတ်ကျန်းမာချမ်းသာစွာ နေထိုင်နိုင်စေရေးကိုသာ ရှေးရှုကာ သားသမီးဝတ္တရားမပျက်အလုပ်အကျွေးပြုစု ဆောင်ရွက်သွားမည်သာဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

သို့ဖြစ်၍ လူကြီးမင်း၏ (၅-၅-၂၀၂၆)ရက်စွဲပါ သတင်းစာကြေညာပါ ဖခင်၏ ပိုင်ဆိုင်မှုများအား လွှဲပြောင်းခြင်းမပြုရန် တားဆီးပိတ်ပင်ခြင်းများနှင့် စပ်လျဉ်း၍ ဖခင်ပိုင်ဆိုင်မှုစာရွက်စာတမ်းများအားလည်း နှစ်(၂၀) ခန့် စီမံခန့်ခွဲ၍ ထိန်းသိမ်းလက်ရှိထားသူ ဒေါ်ဖြိုးသီတာငြိမ်းလက်ဝယ်မှ ၎င်းမရှိခိုက် သားငယ်ဖြစ်သူ ဦးသန်းဆွေအောင် [၁၂/လမန(နိုင်)၁၁၄၉၄၇] မှ (၂၁-၄-၂၀၂၆)ရက်နေ့တွင် လာရောက်ယူဆောင်သွားခဲ့ပြီး ယနေ့ အထိ ပြန်လည် ပေးအပ်ခြင်းမရှိသည့်အပေါ် ယင်းကိစ္စရပ်များအား တားမြစ်ရန်သည် ကျွန်ုပ်မိတ်ဆွေများနှင့် မသက်ဆိုင်သည့်အပြင် ကျွန်ုပ်မိတ်ဆွေများ၏ ဂုဏ်သိက္ခာအား ထိခိုက်နစ်နာစေသည့်အတွက် လူကြီးမင်းတို့၏ သတင်းစာကြေညာအား (၁၆- ၅-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ရုပ်သိမ်းပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထိန်လင်းအောင်နှင့် ဒေါ်ဖြိုးသီတာငြိမ်းတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်ငြိမ်းဆုလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၉၈)**
**အမှတ်-၁၂၀၈၊ နိဗ္ဗာန်လမ်း၊ ဈ-၁၀/၃၄ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၃၈၄၈၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ) အနီးစခန်း လေယာဉ်ကွင်းအနီး၊ ပြင်ဦးလွင်မြို့နယ် ဖုန်း ၀၈၅-၂၀၅၀၂၀၉ ၊ ၀၈၅ -၂၀၅၀၂၅၁၊ ဖက်စ် ၀၈၅-၂၀၅၀၄၃၅ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ (က) ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ)တွင် ဆောင်ရွက်မည့်

(၁) သုတေသနလေ့ကျင့်ရေးဗဟိုဌာနလမ်းဘေးဝဲယာ အုတ်စီရေမြောင်းပြုလုပ်ခြင်း လုပ်ငန်း၊

(၂) ငလျင်ဘေးဒဏ်ကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ရုံးစားရိပ်သာ၊ သုတေသနဆောင်၊ ဝန်ထမ်းအိမ်ရာ နံရံအက်ကွဲကြောင်းများ ပြင်ဆင်ခြင်းနှင့်ဆေးသုတ်ခြင်းလုပ်ငန်း၊

(၃-၁) ပရဆေးဥယျာဉ်-၁ သံဆန်ခါနံရံလေးဘက်ပြုပြင်ခြင်းလုပ်ငန်း

(၃-၂) ပရဆေးဥယျာဉ်-၁ နှင့် ၂ အမိုးပြုပြင်ခြင်းလုပ်ငန်းများအတွက်

(ခ) အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် လုပ်ငန်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)၊ အနီးစခန်း လေယာဉ်ကွင်းအနီး၊ ပြင်ဦးလွင်မြို့နယ်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ် ၀၉-၄၀၂၇၅၁၃၅၉ နှင့် ၀၉-၂၁၇၄၆၅၈ သို့ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုချင်းအတွက် ဈေးနှုန်း တင်သွင်းလွှာ-

| | | |
|---|---|---|
| (က) စတင်ရောင်းချမည့်ရက် | - | ၂၂-၅-၂၀၂၆ (သောကြာနေ့)၊နံနက်(၁၀:၃၀)နာရီ |
| ( ခ ) အိတ်ဖွင့်တင်ဒါပိတ်ရက် | - | ၈-၆-၂၀၂၆ (တနင်္လာနေ့)မွန်းတည့် (၁၂:၀၀)နာရီ |
| ( ဂ ) တင်ဒါဖွင့်မည့်ရက် | - | ၉-၆-၂၀၂၆ (အင်္ဂါနေ့)၊ နံနက်(၉:၃၀)နာရီ |
| (ဃ) ရောင်းချမည့်နေရာ | - | ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)၊ အနီးစခန်းလေယာဉ်ကွင်းအနီး၊ ပြင်ဦးလွင်မြို့နယ် |

**အတွင်းရေးမှူး**
**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၁)ရပ်ကွက်၊ ချယ်ရီလမ်းနှင့်ခိုင်ရွှေဝါလမ်းထောင့်၊ အမှတ်(၃၆ – B) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/ဘီ)၊ မြေကွက်အမှတ်(၃၆-B)၊ ဧရိယာ (၀.၂၃၇) ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့်(၁)ထပ် အဆောက်အဦအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်း မှတ်တမ်းတွင် ဒေါ်ဝင့်ဝါစိုး [၁၂/ဥကမ(နိုင်)၁၅၈၁၄၂] အမည်ပေါက်မှတ်သားထားပြီး ၎င်းထံမှအရောင်းအဝယ် အရပ်ကတိ စာချုပ်ဖြင့်(၇-၆-၂၀၁၈) ရက်နေ့က ဝယ်ယူခဲ့ပြီး အထူးကိုယ်စားလှယ်လွှဲစာကို လက်ခံရယူခဲ့ကာ လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်ဆင့်ဆင့်ခိုင် [၁၀/မလမ(နိုင်)၀၅၈၈၅၁] မှ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄ )ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၇၄၉၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်မွေး ၁/ ၁ရပ်ကွက်၊ အမှတ် – ၂လမ်း၊ မြေကွက်အမှတ် – ၁၁၂ဟုခေါ်တွင်သော အကျယ်အဝန်း ပေ (၈၀x၁၂၀)ရှိ ဦးစိုးလှ [၁၂/လကန(နိုင်)၀၆၁၂၆၆] အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၁၁)နှင့် ကပ်လျက်ဘက်အခြမ်း အကျယ်အဝန်း ပေ (၂၀x၁၂၀)ရှိ နှစ်(၆၀)မြေငှားဂရန်မိတ္တူ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ကျော်မိုးထွန်း [၁၂/တမန(နိုင်)၀၇၇၆၂၄]မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက်ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မျိုးမမခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၂၄)**
**အမှတ် (၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ Ph:09-975643348, 09-443043490**

## အရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၈) ရပ်ကွက်၊ လမ်း(၃၀)၊ အမှတ်(၁၉၅/၁၉၇)၊ အခန်းအမှတ်(၁၈)၊ (၃) လွှာ၊ အကျယ်အဝန်း (၁၅½ပေx ၅၀ပေ) အကျယ်ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိပါကြောင်း ဝန်ခံပြောဆိုသူ မိုဟာမက်မိုင်ဒင်(ခ) ဦးတင်မြင့် [၁၂/ပဘတ(နိုင်)၀၀၉၂၉၃] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ငွေအကျေအပြေပေးအပ်ပြီး ဥပဒေနှင့်အညီ စာချုပ်ပြုလုပ်၍လက်ရောက် ရယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးစိန်မြင့် | ဦးညီလင်းဖေ |
|---|---|
| (စဉ်-၁၀၉၁၆) | (စဉ်-၃၅၃၂၆) |

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ -၀၁၈-၃၇၇၄၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား)တွင် ဆောင်ရွက်မည့် ဘက်စုံသုံးခန်းမ(၁၆၀'x၆၀'x၂၂')RC ၂-ထပ် တည်ဆောက်ခြင်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - (၁၄-၅-၂၀၂၆)ရက်နေ့မှ (၂၈-၅-၂၀၂၆) ရက်နေ့အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်ရက် - (၂၉-၅-၂၀၂၆)ရက်နေ့၊ (၁၃:၀၀)နာရီ။

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၁၀၂၁၀၊ ၀၆၇-၃၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၆၂၀) ဟုခေါ်တွင်သော ဦးမင်းသန္တာ(ခ)ဦးမင်းဟိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား အကျယ်အဝန်း (၄၀x၆၀)ပေရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀x၆၀)ပေရှိ (မြေကွက်အမှတ်-၆၁၇ နှင့်ကပ်လျက်)ရှိသော မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင် ဦးမင်းသန္တာ(ခ)ဦးမင်းဟိန်း [၉/အမရ(နိုင်)၀၀၀၄၁၅] ကိုင်ဆောင်သူမှ လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းလင်းလင်းမြင့်မှ ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းလင်းလင်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းရွှေ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၆၆၆၇)**
**အမှတ်(၂/က)၊ လယ်ယာ(၄)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၄၈၂၃၄၁**

## "ကွန်ဒိုတိုက်ခန်း" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် "ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၂၉)၊ (7) Mile Condominium ပေါ်တွင် ဆောက်လုပ်ထားသော (10) floor၊ Room No (1005)၊ Unit-(05) ဟုခေါ်တွင်သော အကျယ်(၁၂၈၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်း ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါက်တာဦးမနမ်နော်ဂျာ [၁/ဗမန(နိုင်)၀၆၉၃၂၄]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဥ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ် - ၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## "မြေကွက်" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဘိုသူရ [၉/မခန(နိုင်)၂၇၄၀၃၈] သည် "ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မြေကွက်အမှတ်(၁၄၄၆/ခ)ဟု"ခေါ်တွင်သော အကျယ် (၂၀x၆၀)ပေရှိ မြေကွက်(၁)ကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်သင်းသင်းမော် [၁၂/ဒဂတ(နိုင်)၀၄၁၀၈၆]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဥ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ် - ၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (အခြား) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Reference Book များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (အခြား) ခွင့်ပြုရန်ပုံငွေဖြင့် Reference Book များ ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ် (၂၀)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန (ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၈-၅-၂၀၂၆) ရက်နေ့မှ (၂၂-၅-၂၀၂၆) ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၂၂-၅-၂၀၂၆) ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ တိုက်အမှတ်(၂၆၂/၅၉)၊(၄)လွှာ ခြေရင်းခန်း(4/B)၊ (အလျား ၁၃ ပေ x အနံ ၃၉ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်စာတမ်းများအရ ယခုတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်အုန်းစန်း [၁၂/ကမရ(နိုင်)၀၈၇၀၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယောမယ်ရီ (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၄၄)**
**ဖုန်း-၀၉-၄၂၁၀၂၉၀၈၇**

## လူပျောက်ကြော်ငြာ

ကျွန်တော်၏ဇနီးဖြစ်သူ မစန်းစန်းဝေ [၁၂/သဃက(နိုင်) ၁၆၇၂၁၁](ဘ) ဦးသိန်းမြင့်သည် မိခင်အိမ်သို့သွားမည်ပြောပြီး (၂၄-၄-၂၀၂၆) ရက်နေ့က နေအိမ်မှထွက်သွားရာ ယနေ့အထိ ပြန်လည်ရောက်ရှိမလာခဲ့ပါ။ မစန်းစန်းဝေအား တွေ့ရှိသူများ ကျွန်တော့်ထံသို့ ဆက်သွယ်အကြောင်းကြားပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ ဖြားယောင်းသွေးဆောင်ခေါ်ယူထားသူများနှင့် နေအိမ်မှထွက်သွားရန် ဖိအားပေးကာ ခြိမ်းခြောက်သူများအားလည်း ဥပဒေနှင့်အညီ အရေးယူပါမည်။

**ကိုချမ်းငြိမ်းဦး [၁၂/ဗတထ(နိုင်)၀၃၃၉၄၇]**
**ဖုန်း-၀၉-၄၃၂၀၀၇၀၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ အောင်သပြေ(၂)လမ်း၊ မြေကွက်အမှတ်(၄၆၄)၊ အကျယ်အဝန်း (အလျား၄၀ပေx အနံ ၆၀ပေ)ရှိ ဦးဉာဏ်ဝင်း [၁၂/လမတ(နိုင်)၀၁၅၂၉၂] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အား တရားဝင်ခွဲစိတ်ရသေးခြင်းမရှိသော (အလျား ၁၀ ပေx အနံ ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်အဟောင်းအပါအဝင် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်ဆက်မူရင်းများဖြင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရှိစီမံခန့်ခွဲပိုင်ခွင့်၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဦးဇော်ထက်အောင် [၁၂/ဒဂတ(နိုင်)၀၄၉၇၆၉]က ကတိပြုပြောဆိုပြီး၊ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၀၉/၁၉)**
**အမှတ်(၄၄၇/က)၊ အောင်သပြေ(၂)လမ်း၊ (၈၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေကွက်အမှတ်-၉/ခ-၂/၄-ဃ^၁)၊ မြေအမျိုးအစား (မြေပိုင်မြေ)၊ အမည်ပေါက် ဦးနေလင်း၊ အကျယ်အဝန်း (ဧရိယာ ၀.၁၂၅ ဧက) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ အမှတ်(၃၅၁)ဟုခေါ်တွင်သော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ ယနေ့အချိန်ထိ လက်ရှိထားပိုင်ဆိုင်ပါကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းပြဿနာ ကင်းရှင်းပါကြောင်း မြွက်ဟဝန်ခံကတိပြုလျက် အဆိုပါအိမ်ခြံမြေအား လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာသူ ဦးနေလင်း [၁၂/ရကန(နိုင်)၀၂၇၁၇၅]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ယု**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၁၈/၂၀၁၇)**
**အမှတ်-၁၀၄၊ ပထမထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၀၃၉၀၂၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်-၁၂၇/၈၂ လမ်း၊ ၁၀၄ လမ်းနှင့် မြို့ဟောင်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန်းကြည်[၉/မရတ(နိုင်) ၀၄၇၈၈၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ်(ဈ-၁)၊ ဦးပိုင်အမှတ်-၂၅-ခ/၆၂ လမ်း၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသက်ချို[၁၃/လရန(နိုင်)၀၀၄၃၀၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ လေးထောင့်ကန်လမ်း(ငမိုးရိပ် ၁ လမ်း)၊ အပိုင်း(၅)၊ အမှတ်(၈၈၁) မြေကွက်ပေါ်ရှိ (၆)ထပ်တိုက်အဆောက်အဦ၏ ဒုတိယထပ်(ခေါ်) ၃-လွှာ (ခြေရင်းခန်း)၊ ဧရိယာ(၁၂ပေခွဲx၅၀ပေ) ရှိ ရေမီးအစုံ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုလာသူ ဒေါ်ငွေငွေခိုင် [၁၁/ပဏက(နိုင်)၀၄၈၂၀၂]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာစိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၅၅၂)**
**ဖုန်း-၀၉-၇၉၅၈၄၇၉၆၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ ၊ မြေကွက်အမှတ်(၄၇၃/က)၊ နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေ၊ ဧရိယာစတုရန်းပေ (အလျား ၂၀ပေ x အနံ ၆၀ပေ) (၀.၀၂၇၅) ဧကရှိ မြေကွက်နှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေစားအမွေခံမှုအစ အမှုအခင်းအရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြု၍ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဒေစီလင်း [၁၄/အဂပ(နိုင်)၁၅၆၅၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငွေနှဲ့ (LL.B, DBL, DML)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၈)၊**
**အမှတ်(၃၅)၊ အခန်း(၁၀၂)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်။ ၀၉-၄၂၀၁၁၉၄၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/တောင်၊ မြေကွက်အမှတ်-၈၅၉/ခ၊ ဧရိယာ (၂၀x၆၀)ပေ မြေကွက်တည်နေရာအမှတ်-၈၅၉/ခ၊ မာန်ပြေ (၃)လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစောသောင်း (KLT-၀၂၂၉၉၄)၊ ဦးအောင်တင်ထွဋ် [၁၂/သကတ(နိုင်)၀၁၄၂၆၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်မြစန်းရီမှ တရားလိုပြုလုပ်၍ ဦးစောသောင်း၊ ဦးအောင်တင်ထွဋ်တို့အား တရားပြိုင်ထားကာ သာကေတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၉၉/၂၀၂၅ ဖြင့် ပဋိညာဉ်စာချုပ်ပါအတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၈-၁၀-၂၀၂၅)ရက်စွဲပါ စီရင်ချက်တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၁/၂၀၂၆ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၃-၁-၂၀၂၆) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာတွင် တရားရုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ် ဒေါ်မိုးပပမျိုး[၁၂/ဥကတ(နိုင်) ၁၄၈၈၅၇]က လက်မှတ် ရေးထိုးမည်ဖြစ်ပါ၍ ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရုံးဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်-(၁၈၇၈)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမြင့်ဆွေ (CC-၀၀၀၄၂၄) အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဆက်စပ်စာချုပ်များအရ အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်သူ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းနှင်းအောင် [၁၂/တမန(နိုင်)၀၄၃၄၇၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလူမြင့် (၈/စလန(နိုင်) ၁၁၇၂၅၅)က ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသည့် အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အိဖြိုးဇင်** | **ဒေါ်ကေခိုင်ဦး** |
| **LL.B,DBL တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၅)** | **LL.B,DBL တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၅၆၆)** |
| **၀၉-၄၂၀၄၇၄၄၆၊ ၀၉-၇၉၀၁၂၃၄၈၀** | **၀၉-၄၅၃၄၂၉၈၀၅၊ ၀၉-၇၇၉၂၀၈၄၅၆** |

**အမှတ်-၅/၉၁၈၊ ချင်းတွင်းလမ်း၊ ညောင်ကုန်းရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ အမှတ်(၆)၊ The Cove Condo၊Basement+၈ ½ ထပ်အဆောက်အအုံရှိ ဒုတိယထပ်၊ အခန်းအမှတ်(၂၀၅)၊ အကျယ်အဝန်း ဧရိယာ (၁၄၈၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ဖွန်ဇာသက်ပန်စိုး [၁၂/ဥကတ(နိုင်)၁၅၁၅၉၃]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်ဝင်း [၉/မခန(နိုင်)၁၆၂၀၁၂]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်ဝင်းက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုလှိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၁၅၄)၊ ပထမထပ်၊ ဥက္ကာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။


## ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ လျော့နည်းကျဆင်း

၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းသုံးစွဲရန် လိုအပ်လျက်ရှိသော စက်သုံးဆီများကို ပြည်ပမှ အဓိက တင်သွင်းအသုံးပြုနေရသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ စက်သုံးဆီများဝယ်ယူခြင်းကို အရှေ့တောင်အာရှ နိုင်ငံများတွင် Mean of Platts Singapore(MOPS)ဈေးနှုန်းများ အပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပါသည်။

ဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေအနေများအပေါ်မူတည်၍ Mean of Platts Singapore (MOPS) ဈေးနှုန်းများ အတက်အကျတည်ငြိမ်မှုမရှိသော်လည်း နိုင်ငံတော်အစိုးရမှ စီမံဆောင်ရွက်ပေးမှုနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA)တို့၏ ပူးပေါင်းဆောင်ရွက်ပေးမှုတို့ကြောင့် နိုင်ငံတော်တွင် ၁၀.၄.၂၀၂၆ ရက်နေ့မှစ၍ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ဒီဇယ်ဆီအသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်လျက်ရှိသည့် အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းကိုထိန်းညှိပေးနိုင်ရန်အတွက် ရိုးရိုးဒီဇယ်ဆီ HSD(500 PPM) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန်(၂ %)တို့ကို နိုင်ငံတော်မှ ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကင်းလွတ်ခွင့်ပြုသည့်အတွက် ပရီမီယံဒီဇယ်ဆီဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်လီတာလျှင် ၁,၀၂၀ ကျပ် သက်သာလျက်ရှိပါသည်။




နိုင်ငံတော်အနေဖြင့် စက်သုံးဆီမပြတ်လပ်စေရေး၊ အရန်ဆီပိုမိုသိုလှောင်ထားရှိနိုင်ရေး စီမံဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူခွင့်ရရှိစေရေးအတွက် စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းကျောင်းပေးလျက်ရှိနေကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ONE Friday Fights 153 & The Inner Circle ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သွေးလင်းထက် အမှတ်ဖြင့် အရေးနိမ့်

ရန်ကုန် မေ ၈

ONE Friday Fights 153 & The Inner Circle ပြိုင်ပွဲကို မေ ၈ ရက် ညပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာ သွေးလင်းထက်အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။



သွေးလင်းထက်သည် ထိုင်းဖိုက်တာ ချာပါယက်ဆက်ဆာတွန်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ သွေးလင်းထက် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ သွေးလင်းထက်သည် နောက်ဆုံးသုံးပွဲ ဆက်တိုက် အရေးနိမ့်ခဲ့ပြီး နိုင်ပွဲပြန်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ သွေးလင်းထက်သည် ပြိုင်ဘက်ကို လက်ရည်အသာမရခဲ့ဘဲ မျှော်မှန်းထားသလောက် ပုံစံကောင်း မပြသနိုင်သည့်အပြင် အမှတ်ရနိုင်သည့် ထိုးသတ်မှုများ မပြုလုပ်နိုင်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

သတင်း-မောင်စံကြီး၊ ဓာတ်ပုံ-onefc

## မြန်မာဖိုက်တာ ဂျိုရှုအာဗန်၏ UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲ တနင်္ဂနွေနေ့နံနက်အစောပိုင်း ကျင်းပမည်

ရန်ကုန် မေ ၈

မြန်မာဖိုက်တာ ဂျိုရှုအာဗန်၏ UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲကို မြန်မာစံတော်ချိန် မေ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက်အစောပိုင်းတွင် ပြုလုပ်မည်ဖြစ်သည်။

UFC 328 ပြိုင်ပွဲကို အမေရိကန်နိုင်ငံတွင် ဒေသစံတော်ချိန် မေ ၉ ရက် ညပိုင်း (မြန်မာစံတော်ချိန် နံနက်အစောပိုင်း)တွင် စတင်ကျင်းပမည်ဖြစ်ပြီး ဂျိုရှုအာဗန်၏ ချန်ပီယံကာကွယ်ပွဲကို Co Main Event အဖြစ် ပြုလုပ်မည်ဖြစ်သည်။ ဂျိုရှုအာဗန်သည် ဂျပန်ဖိုက်တာ တက်ဆုရိုတိုင်ရာနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ကမ္ဘာ့ချန်ပီယံဖြစ်ပြီးနောက် ပထမဆုံးထိုးသတ်ရမည့် ချန်ပီယံကာကွယ်ပွဲလည်းဖြစ်သည်။ ယခင်က ဂျိုရှုအာဗန်၏ ချန်ပီယံကာကွယ်ပွဲကို ဧပြီ ၁၁ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ဒဏ်ရာအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ဒီဇင်ဘာတွင် ထိုးသတ်သည့်ပွဲ၌ ပန်တိုဂျာကို အနိုင်ယူပြီးနောက် ကမ္ဘာ့ချန်ပီယံဖြစ်လာပြီး ငါးလဝန်းကျင်အကြာတွင် ချန်ပီယံကာကွယ်ပွဲ ထိုးသတ်ရခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○

## နော်တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရပြီး အက်စ်တွန်ဗီလာအသင်း ယူရိုပါလိဂ်ဖလားဗိုလ်လုပွဲ တက်လှမ်း



အက်စ်တွန်ဗီလာအသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အက်စ်တွန်ဗီလာအသင်းနဲ့ နော်တင်ဟမ်ဖောရက်စ်အသင်းတို့ မေ ၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်မှာ လေးဂိုးပြတ်ဖြင့် အနိုင်ရပြီး ယူရိုပါလိဂ်ဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

### ဗိုလ်လုပွဲကို တက်လှမ်းခဲ့

အက်စ်တွန်ဗီလာအသင်းဟာ ပထမအကျော့မှာ နော်တင်ဟမ်ဖောရက်စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပေမယ့် ဒုတိယအကျော့ဂိုးပြတ်နိုင်ပွဲကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ယူရိုပါလိဂ်ဗိုလ်လုပွဲကို တက်လှမ်းခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

ဒေသခံပြည်သူများအား ရောဝတီ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းဆွေးနွေး
စာမျက်နှာ » ၁၂

ဟန်တာဗိုင်းရပ်စ်ကူးစက်မှု အများပြည်သူကျန်းမာရေးအတွက် အန္တရာယ်မဖြစ်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ပြောကြား
စာမျက်နှာ » ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်နှင့် ကျိုင်းတောင်းမြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများ၊ ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ
စာမျက်နှာ » ၁၅